# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (8-9-2015) (၈၁၁၇)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)



# ပိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အစ္စရေးနိုင်ငံ ဂျေရုစလင်မြို့ရှိ Holocaust ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

သတင်း စာမျက်နှာ » ၃

## ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်မြင့်တက်နိုင်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ခုနစ်ပေခွဲခန့်၊ မင်းကင်းမြို့တွင် ခြောက်ပေခန့်နှင့် မုံရွာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် ပေဝက်ခန့်စီနှင့် နောက်နှစ်ရက်အတွင်း မုံရွာမြို့တွင် တစ်ပေခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်တို့နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကအကြံပြုထားသည်။ **(ကြေးမုံ)**

## ယနေ့ မာတိကာ


မျှော်မှန်းထားသည့် ပညာခေတ် စာမျက်နှာ - ၂

စာမတတ်သူ ဒို့ဝိုင်းကူ စာမျက်နှာ - ၆

ဆရိနာနှင့် ဗီးနပ်စ်တို့ တွေ့ဆုံကြတော့မည့် အမေရိကန်အိုးပင်း စာမျက်နှာ - ၁၃





သတင်းနှင့် ဓာတ်ပုံ - နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)

# မြန်မာ-ထိုင်း နှစ်နိုင်ငံဖြတ်သန်းစက်ဘီးစီးပွဲတော် မော်တောင်နယ်စပ်ဂိတ်တွင် ကျင်းပ

**တနင်္သာရီ စက်တင်ဘာ ၇**

မြန်မာ-ထိုင်း နှစ်နိုင်ငံဖြတ်သန်းစက်ဘီးစီးပွဲတော်ကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု မော်တောင်နယ်စပ်ဂိတ်(မြန်မာ)မုခ်ဦးရှေ့၌ ကျင်းပရာ ပြိုင်ပွဲဝင်များသည် မော်တောင်အမှတ်(၃)နယ်မြေ မယ်နံ့ဝပ်ကုန်းမြေရှိ သရဏ္ဍုရန်ပြေမာန်ပြေစေတီတော်မြတ်ကြီးအထိ စီးနင်းခဲ့ကြသည်။

ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန်ခရိုင်ဝန် Mr. Weera ဦးဆောင်သည့် စက်ဘီးစီးနင်းသူ ၁၈၃၆ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် ဌာနဆိုင်ရာများ၊ ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် မန်နေဂျာနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက မော်တောင်နယ်စပ်ဂိတ်(မြန်မာ)မုခ်ဦးရှေ့တွင် ကြိုဆိုခဲ့ကြသည်။

ယင်းစက်ဘီးစီးပွဲတော်ကို မြန်မာ-ထိုင်း နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးမှုတိုးစေရန်၊ နှစ်နိုင်ငံခရီးသွားလာရေး အဓိကမြှင့်တင်ရန်နှင့် နယ်စပ်စင်ခွန်းဂိတ်ကို အများပြည်သူ ပိုမိုသိရှိစေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံအတွင်းမှ စက်ဘီးစီးပြိုင်ပွဲဝင် ၂၀၀၈ ဦး အနက် ၁၈၃၆ ဦးသည် ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန်ခရိုင် **စာမျက်နှာ ၃ ကော်လံ ၁ သို့**




ကြေးမုံ စာတည်း ရှုထောင့် — ၈-၉-၂၀၁၅၊ အင်္ဂါနေ့

# မျှော်မှန်းထားသည့်ပညာခေတ်

အသိပညာနှင့် ဆင်ခြင်တုံတရားသည် ကြောင်းကျိုးဆက်စပ်မှုရှိသည်။ အသိပညာဗဟုသုတကြွယ်ဝမှသာ မှန်ကန်သည့်ဆင်ခြင်တုံတရားကို တည်ဆောက်နိုင်သည်။ ထို့ကြောင့် အသိပညာများစီးဆင်းရာ စာသင်ကျောင်းများများဖွင့်နိုင်လေ အကျဉ်းထောင်တံခါးများပိတ်လေ ဟုဆိုကြသည်။ အသိပညာသည် မကောင်းမှုကိုဖယ်ရှားပြီး ကောင်းကျိုးများအား မျှဝေသည်။

လူတိုင်းလူတိုင်း အသိပညာများကို ဆည်းပူးနိုင်ရန် လူတိုင်းလူတိုင်း စာတတ်မြောက်ရန် ဦးစွာလိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတစ်ရပ်သည် စာပေတတ်မြောက်ကြပြီး စာပေမှရရှိသည့် အသိအမြင်များဖြင့် မိမိတို့လူ့အဖွဲ့အစည်းကို အစဉ်တိုးတက်အောင် တည်ဆောက်ကြသည်။ စာပေသည် တစ်ဦးချင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝမြင့်မားရေးအတွက် နည်းလမ်းကောင်းဖြစ်သည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခု၏ လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ဘက်စုံကဏ္ဍစုံ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရန်အတွက် အသိပညာဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်နေသောကြောင့် လူမျိုးတိုင်း လူမျိုးတိုင်းအနေဖြင့် ပညာဖွံ့ဖြိုးရေးကို အလေးထားလုပ်ဆောင်လာကြသည်။

စာတတ်မြောက်ခြင်းကြောင့် အသိပညာမြင့်မားတိုးတက်လာမှုများကို မိမိတို့သမိုင်းကြောင်းများက သက်သေပြလျက်ရှိသည်။ ရှေးရှေးက မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ မြင့်မားတိုးတက်ခဲ့သည်ဟုဆိုနိုင်သည်။ ဘုန်းတော်ကြီးသင်ပညာရင်နို့သောက်စို့နိုင်မှုကြောင့် ထိုစဉ်က စာတတ်မြောက်မှု ၈၅ ရာခိုင်နှုန်းအထိ ရှိခဲ့သည်ဟု ဆိုထားသည်။ မြန်မာတို့၏ပညာရည်မြင့်မားမှုကို ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သည်။

သို့သော် ကိုလိုနီလက်အောက်သို့ရောက်ရှိခဲ့ရသောအချိန်ကာလတွင် လူနည်းစုသာ ပညာသင်ကြားခွင့်ရလာသောကြောင့် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလမှစတင်၍ အစိုးရအဆက်ဆက် လူထုပညာရေးကိုမြှင့်တင်ရန် ကြိုးပမ်းအားထုတ်လာကြသည်။ 'အ'သုံးလုံးသင်တန်းများ၊ ဘဝသစ်ဖန်တီးမှုစီမံကိန်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သောကြောင့် ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်း ၅၇ ရာခိုင်နှုန်းအထိပြန်လည်တိုးတက်လာသည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုများကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလများအတွင်းတွင် အတက်ကြွဆုံးနှင့် အထိရောက်ဆုံးဟုဆိုရမည်ဖြစ် သည်။ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများဖြစ်သည့် အရေး၊ အဖတ်၊ အတွက် ပညာများကို လူတိုင်းတတ်မြောက်အောင် ကြိုးပမ်းအားထုတ်ခဲ့ရာ စမ်းသပ်နယ်မြေများတွင် ရာခိုင်နှုန်းပြည့်အောင်မြင်ခဲ့သည်။

မြန်မာနိုင်ငံအတွက် သက်ကြီးစာတတ်မြောက်မှုနှုန်းကို ၂၀၁၅ ခုနှစ်တွင် ၉၅ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် မျှော်မှန်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၇၀ ပြည့်လွန်ကာလများမှစတင်၍ တက်တက်ကြွကြွ ဆောင်ရွက်လာနိုင်သောကြောင့် ၂၀၁၄ ခုနှစ် ရွှေရတုကာလ နှစ် ၅၀ အကြာတွင် မြန်မာတစ်နိုင်ငံလုံးစာတတ်မြောက်မှု ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိ အောင်မြင်မှုရရှိခဲ့သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်နေသောယနေ့အချိန်အခါတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာရည်မြင့်မားတိုးတက်ရန်အတွက် အမျိုးသားရေးတာဝန်အဖြစ် သိမြင်လက်ခံထားကြသည်။ နိုင်ငံသားတိုင်း စာတတ်မြောက်စေရန်ရည်ရွယ်ချက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ် စနစ်တကျ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သောကြောင့် သက်ကြီးစာတတ်မြောက်မှုနှုန်းများမှာ တစ်နှစ်ထက်တစ်နှစ် ယခုကဲ့သို့ မြင့်မားတိုးတက်လာခြင်းဖြစ်သည်။

သို့ဖြစ်ရာ စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းများ၊ လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်းများကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြနိုင်ခဲ့ပြီဖြစ်ပါသည်။ ။



စက်တင်ဘာ ၇ ရက်က ဘရာဇီးနိုင်ငံ၏ (၁၉၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E.Mr. Alcides G.R.Prates ကြိုဆိုနှုတ်ဆက်စဉ်။

**(ကြေးမုံ)**


## ပူတာအိုရှိ တိုင်းရင်းဆေးကုဌာနရုံးပန္နက်တင်

**ပူတာအို စက်တင်ဘာ ၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် တိုင်းရင်းဆေးကုဌာနရုံးနှင့် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာအဆောက်အအုံ ပန္နက်တင်အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါအဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒိဒွေ့၊ တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ကြည်ငွေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးကြသည်။

အဆိုပါ အဆောက်အအုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ ၇၂ ဒသမ ၉ သန်းဖြင့် အကောင်အထည်ဖော် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်**

**မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၇**

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၃၁-၈-၂၀၁၅ ရက်နေ့မှ ၄-၉-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၁၉ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၈၆ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**ရန်ကုန်ရွှေဈေး** ၇၆၇၂၀၀ - ၇၆၈၂၀၀
**မန္တလေးရွှေဈေး** ၇၆၆၇၀၀ - ၇၆၇၇၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၇၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၂၇. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁. ၀၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၅၁၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၇၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၁၅၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၄. ၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၅၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၅. ၉၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၇. ၅၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အစ္စရေးကာကွယ်ရေးဝန်ကြီး ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

**နေပြည်တော် စက်တင်ဘာ ၇**

အစ္စရေးနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အစ္စရေးကာကွယ်ရေးဝန်ကြီး Mr. Moshe Ya'alom က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့် အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ တွင် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီးတို့သည် ဝန်ကြီး၏ရုံးခန်း၌ တွေ့ဆုံဆွေးနွေးကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးကို ၁၉၅၃ ခုနှစ်မှ စတင်ခဲ့ပြီး ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၅ ခုနှစ်တွင်လည်းကောင်း၊ အိမ်စောင့်အစိုးရလက်ထက်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၉ ခုနှစ်တွင်လည်းကောင်း အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း၊ ယခုခရီးစဉ်သည် နှစ်ပေါင်း ၆၀ အတွင်း တပ်မတော်အကြီးအကဲတစ်ဦး၏ ပထမဦးဆုံး ခရီးစဉ်ဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ဆက်ဆံရေး ခြေလှမ်းသစ်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံ ထူထောင်သကဲ့သို့ မြန်မာနိုင်ငံလည်း လွတ်လပ်ရေးရရှိခဲ့ကြောင်း၊ လွတ်လပ်ရေးစတင်ရရှိချိန်တွင် တပ်မတော်ပိုင်းဆိုင်ရာအကူအညီပေးခဲ့မှုများကိုလည်း အမှတ်ရနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းလျက်ရှိပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရန် အခွင့်အလမ်းများရှိနေသည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။



အစ္စရေးကာကွယ်ရေးဝန်ကြီးက ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ စိန်ခေါ်မှုများကို နားလည်မှု၊ ယုံကြည်မှုများဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၌ အစ္စရေးကာကွယ်ရေး ညွှန်ကြားရေးမှူးချုပ် Maj. Gen. (Ret:) Mr. Dan Harel က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(မြဝတီ)**



# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အစ္စရေးနိုင်ငံ ဂျေရုစလင်မြို့ရှိ Holocaust ပြတိုက်သို့ ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် အစ္စရေးနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးမျိုးအေးနှင့် သံရုံးဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ပေးအပ်ရာ သံအမတ်ကြီးနှင့် ဝန်ထမ်းများက လက်ခံရယူသည်။

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီ မိနစ် ၄၀ တွင် အစ္စရေးနိုင်ငံ ဂျေရုစလင်မြို့ရှိ Holocaust ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် Yad Vashem ( Holocaust Museum)တွင် ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာအနှံ့အပြား၌ သေဆုံးခဲ့ရသည့် ဂျူးလူမျိုး ခြောက်သန်းအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်ပန်းခွေချသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမျိုးအေးက ဂျေရုစလင်မြို့ဟောင်း Dead Sea ကမ်းခြေ Herods ဟိုတယ်၌ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

**(မြဝတီ)**

■

# ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားတက်ရောက်ရန် ဖိတ်ကြား

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၅ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ (International Day of Democracy 2015) အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပမည်ဖြစ်သည်။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားချိန်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား သီးခြားဖိတ်ကြားထားခြင်းမရှိသော်လည်း အဆိုပါအခမ်းအနားသို့ တက်ရောက်လိုပါက စက်တင်ဘာ ၁၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြည်ထောင်စုလွှတ်တော်ရုံး ဖုန်း- ၀၆၇-၅၉၀၁၈၉၊ ဖက်စ်- ၀၆၇-၅၉၀၂၉၄၊ ပြည်သူ့လွှတ်တော်ရုံး ဖုန်း- ၀၆၇-၅၉၀၂၅၇၊ ဖက်စ်- ၀၆၇-၅၉၀၀၅၈၊ အမျိုးသားလွှတ်တော်ရုံး ဖုန်း- ၀၆၇-၅၉၀၂၆၁၊ ဖက်စ်- ၀၆၇-၅၉၀၃၈၂ တို့သို့ ဆက်သွယ်အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

### ❐ ရွှေဖုံးမှ

ကမ်းခြေ မင်္ဂလာတံတားမှ ၃၁ ကီလိုမီတာကွာဝေးသည့် မောတောင်ဒေသ အမှတ်(၃)နယ်မြေ မယ်နံ့ဝပ်ဘုရားကုန်းတော်အထိ စီးနင်းကြကြောင်း သိရသည်။

ထို့အပြင် စက်ဘီးစီးပြိုင်ပွဲဝင်များအား မောတောင်အမှတ်(၃)ဒေသ ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီ (PPT)လီမိတက်မှ နံနက်စာအာဟာရများဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး ယင်းစက်ဘီးစီးအဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ပြန်လည်စီးနင်းထွက်ခွာခဲ့ကြကြောင်း သိရသည်။

# အာမခံအကြောင်း ဟောပြော

**ဟားခါး စက်တင်ဘာ ၇**

ချင်းပြည်နယ် မြန်မာ့အာမခံလုပ်ငန်းမှ အာမခံအကြောင်း သိကောင်းစရာ ဟောပြောပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)၌ ကျင်းပသည်။

အခမ်းအနားတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) တာဝန်ခံ ဦးဇော်မျိုးက အမှာစကားပြောကြားပြီး ချင်းပြည်နယ် မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်တာဝန်ခံ ဒေါ်နန်းလျန်က တက်ရောက်သူ ၈၂ ဦးအား အာမခံအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောသည်။

**(ခရိုင်ပြန်/ဆက်)**


# ဟိုင်းကြီးကျွန်းတွင် မိုဘိုင်းလ်ဖုန်းလိုင်းဖွင့်

**ဟိုင်းကြီးကျွန်း စက်တင်ဘာ ၇**

ဟိုင်းကြီးကျွန်းမြို့နှင့် ပြင်ခရိုင်ကျေးရွာတွင် စက်တင်ဘာ ၆ ရက်မှ စတင်ကာ GSMတယ်လီဖုန်းလိုင်းကို အချိန်ပြည့် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အဆိုပါ တယ်လီဖုန်းလိုင်းဖွင့်လှစ်ပေးခြင်းကြောင့် ဟိုင်းကြီးကျွန်းမြို့အပါအဝင် ကျေးရွာများ၏ ဆက်သွယ်ရေး လွယ်ကူကာ ဒေသခံပြည်သူများ မိုဘိုင်းလ်ဖုန်း သုံးစွဲနိုင်တော့မည်ဖြစ်သောကြောင့် ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **(ပြန်/ဆက်)**

# ဝတ္ထုရှည်စာတမ်းများ ဒုတိယအကြိမ်ထွက်ရှိ




မြန်မာစာပေလောကတွင် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ် စသည့် စာပေအမျိုးမျိုးရှိသည့်အနက် ဝတ္ထုရှည်သည် စာဖတ်ပရိသတ် အများဆုံး၊ အနှစ်သက်ဆုံးစာပေဖြစ်သည်မှာ သေချာပါသည်။ ဝတ္ထုရှည်မှာ စာဖတ်ပရိသတ်အပေါ် ဩဇာထက်မြက်မှုအရှိဆုံး၊ စိတ်ဝင်စားဖွယ်အကောင်းဆုံး စာပေဖြစ်သည်။ အပျော်ဖတ် ဝတ္ထုရှည်၊ ပေါ်ပင်ဝတ္ထုရှည်များ ပေါ်ထွက်နေသောအချိန်တွင် ပြည်သူ့အကျိုးပြုဝတ္ထုရှည်များ ပေါ်ထွက်နေမှုအပေါ် စာပေအသိုင်းအဝိုင်းက မှတ်တမ်းတင်အသိအမှတ်ပြုကြရာ၌ ဝတ္ထုရှည်စာတမ်းဖတ်ပွဲများတွင် ရွေးနုတ်ဖော်ပြခြင်းများက ထူးခြားသည့်အကျိုးရလဒ်များကို ဖြစ်ပေါ်စေသည်။

ထိုတာဝန်ကို စာပေဗိမာန်က အစဉ်အလာမပျက် ထိန်းသိမ်းနိုင်ခဲ့သည်။ စာပေဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်အဖြစ် ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ ၁၉၇၉ ခုနှစ်က စာပေဗိမာန်တွင် ဖတ်ကြားခဲ့သည့် တက္ကသိုလ်ဘုန်းနိုင်၊ ပါရဂူ၊ ထင်လင်း၊ မောင်ထင်၊ တက္ကသိုလ်ဝင်းမွန်၊ ဂယက်နီတို့၏ ဝတ္ထုရှည်စာတမ်းများမှာ ယနေ့ထက်တိုင် သစ်လွင်နေဆဲဖြစ်သည်။ ထိုစာတမ်းများကို စာပေဗိမာန်က မျိုးဆက်သစ်များအား ဒုတိယအကြိမ် လက်ဆင့်ကမ်းမျှဝေပေးလိုက်သည်။

ဝတ္ထုရှည်စာတမ်းများကို ဒုတိယအကြိမ် ထုတ်ဝေရာတွင် ဇူလိုင် ၂၆ ရက်က စာပေဗိမာန်တွင် ကျင်းပခဲ့သည့် စာပေစကားဝိုင်းတွင် ဆွေးနွေးခဲ့သော ပုံနှိပ်ထုတ်ဝေစာတမ်းများလည်း ပါဝင်သည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့သော ဝတ္ထုရှည်များကို "ဝတ္ထုရှည်အနှစ်သာရ" ခေါင်းစဉ်ဖြင့် ဦးအေးချို (မဟာဝိဇ္ဇာ)၊ မစန္ဒာ၊ ရွှေသဥ္ဇာ၊ ဒေါက်တာ ရဲမြင့်ကျော် (လက်ာရည်ကျော်) တို့၏ အပြုသဘောဆောင် ဆွေးနွေးချက်များကို ထည့်သွင်းထားသည်။ စာတမ်းများ ပြန်လည်ပုံနှိပ်ရာတွင် ပြည်သူလူထုစိတ်ဝင်စားရန်နှင့် စာပေဗိမာန်၏ အစဉ်အလာကောင်းများကို ပြန်လည်ဖော်ထုတ်ခြင်းဖြင့် စာပေဗိမာန်၏ပုံရိပ်ကို ပိုမိုမြင့်တက်လာစေရန် ရည်ရွယ်ထားဟန်တူသည်။

ထို့ကြောင့် စာပေဗိမာန်က ပုံနှိပ်ဖြန့်ချိသော ဝတ္ထုရှည်စာတမ်းများတွင် မူရင်းစာတမ်းရှင်တို့၏ လက်ရာများအပြင် မျက်မှောက်ခေတ်စာရေးဆရာတို့၏ ခေတ်ပြိုင်ဝတ္ထုများအပေါ် ဝေဖန်သုံးသပ်ချက်များကိုပါ တစ်ထိုင်တည်း ဖတ်ရှုလေ့လာနိုင်သည်။ စက္ကူဖြူချောကို ရောင်စုံပုံနှိပ်ထားပြီး စာမျက်နှာ ၄၀၅ မျက်နှာပါဝင်သည်။ စာအုပ်တန်ဖိုးမှာ ကျပ် ၃၅၀၀ ဖြစ်ပြီး စာပေဗိမာန်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူနိုင်သည်။ **(ကြေးမုံ)**




# တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထူထောင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပ

**လာဆာ စက်တင်ဘာ ၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ထူထောင်မှုနှစ်၅၀ပြည့်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ တက်ရောက်ရန် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ညီလာခံ အမျိုးသားကော်မတီဥက္ကဋ္ဌ ယုကျန်းရှန်ဦးဆောင်သော ဗဟို အစိုးရ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြို့တော်လာဆာသို့ စက်တင်ဘာ ၆ ရက်တွင် ရောက်ရှိလာသည်။

အဖွဲ့ဝင် ၆၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့ကို ဒေသန္တရတာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၈၀၀ ခန့်က ဂေါင်းဂါ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းနိုင်ငံရေး အကြံပေးပုဂ္ဂိုလ် ယုကျန်းရှန်သည် တိဘက်ဒေသ၏ တာဝန်ယူဆဲနှင့် အငြိမ်းစားယူပြီးဖြစ်သော အထက်တန်း တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ လာဆာဟိုတယ်၌ တွေ့ဆုံခဲ့သူများတွင် ဝါရင့်ဥပဒေပြုအမတ် ကျန်းဘာပန်ဂျေါနှင့် အထက်တန်း နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် ပန်ဘလာ နမ်ကေးတို့ ပါဝင်သည်။

ဗဟိုအစိုးရအဖွဲ့ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက်တွင် ပိုတာလာ နန်းတော်ရှေ့၌ ကျင်းပမည့် အောင်ပွဲအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၁၉၆၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ထူထောင်ခဲ့သည်။ တိဘက်ဒေသဆိုင်ရာ ပြည်သူ့ကွန်ဂရက်ကို ရွေးကောက်ပွဲဖြင့် ရွေးချယ်ခဲ့ပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ရပ်တည်လာခဲ့သည်။ **ဆင်ဟွာ။**

❒

# သီရိလင်္ကာဝန်ကြီးအဖွဲ့သစ်၏ ဝန်ကြီးချုပ် အိန္ဒိယသို့ လာမည့်ရက်သတ္တပတ်တွင် သွားရောက်မည်

**ကိုလံဘို စက်တင်ဘာ ၇**

သီရိလင်္ကာဝန်ကြီးအဖွဲ့သစ်၏ ဝန်ကြီးချုပ်ဖြစ်သူ ရာနီးလ် ဝီကရီဆင်းဟာ၏ ပထမဆုံးသော ပင်လယ်ရပ်ခြား ခရီးစဉ်မှာ အိန္ဒိယနိုင်ငံဖြစ်လိမ့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် ဝီကရီဆင်းဟာသည် အိန္ဒိယနိုင်ငံသို့ စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ သွားရောက်မည်ဖြစ်သည်။

၎င်းသည် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၊ ပြည်ပရေးရာဝန်ကြီး ဆုရှားမာ ဆွာရတ်ဂျ်နှင့် သမ္မတ ပရာနတ်မူခါဂျီးတို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

သီရိလင်္ကာသမ္မတ မိုင်သီရိပါလာ သီရိသေနာသည်လည်း ၎င်း၏ ပထမဆုံးသော ပင်လယ်ရပ်ခြားခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံသို့ပင် သွားရောက်ရန် ရွေးချယ်ခဲ့သည်။ သမ္မတသီရိသေနာသည် ဇန်နဝါရီ ၈ ရက်တွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသူဖြစ်သည်။

လွန်ခဲ့သည့်လက ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲတွင် ညီညွတ်သော အမျိုးသားပါတီအောင်ပွဲခံခဲ့ပြီးနောက် ဝီကရီဆင်းဟာအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဝီကရီဆင်းဟာသည် စတုတ္ထအကြိမ်အဖြစ် ဝန်ကြီးချုပ်ရာထူးကို ရယူခဲ့သူဖြစ်သည်။ **ပီတီအိုင်။**

# ထိုင်းနိုင်ငံပုံးဖောက်ခွဲမှု သံသယရှိသူတစ်ဦးက ထုတ်ဖော်ဝန်ခံ

**ဘန်ကောက် စက်တင်ဘာ ၇**

ဩဂုတ် ၁၇ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ လေးမျက်နှာဘုရားအနီး ဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်သူဟု သံသယရှိသူ နိုင်ငံခြားသားတစ်ဦးက စီစီတီဗွီထဲတွင် တီရှပ်အဝါဝတ်ဆင်ထားသည့် ဗုံးဖောက်ခွဲသူဟု သံသယရှိသူအား လက်လုပ်ဗုံးတစ်လုံးကို ပေးအပ်ခဲ့သည်ဟု ဝန်ခံခဲ့ကြောင်း သတင်းများအရသိရသည်။

'ယူဆူဖူ မိုင်ရိုင်လီ'ဟုခေါ်သူ သံသယရှိသူအား ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနယ်စပ်အနီးတွင် လွန်ခဲ့သောရက်သတ္တပတ်က ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မည်သည့်နိုင်ငံသားဖြစ်သည်ကို ထိုင်းရဲအရာရှိများက အတည်ပြုခြင်းမရှိသေးပေ။ သို့သော် ၎င်းထံမှ သိမ်းဆည်းရမိသော တရုတ်နိုင်ငံကူးလက်မှတ်တွင် ၎င်း၏မွေးရပ်သည် 'အူဂါ'လူမျိုးများ အခြေချနေထိုင်ရာ တရုတ်နိုင်ငံ ရှင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ကြောင်း ပါရှိသည်ဟု အာဏာပိုင်များက ဆိုသည်။

'အစ်ဇန်'ဟု ဆိုသူက နောက်ကွယ်မှ ကြိုးကိုင်ကာ အင်တာနက်မှ ဖောက်ခွဲရေးပစ္စည်းများဝယ်ယူရန် ၎င်းအား အမိန့်ပေးခဲ့သည်ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့အား ၎င်းက ပြောသည်။

ဗုံးပြုလုပ်ပြီးနောက် အဆိုပါ သံသယရှိသူ 'မိုင်ရိုင်လီ'က 'အစ်ဇန်'အား သတင်းပို့သောအခါ 'အစ်ဇန်'က ဗုံးဖောက်ခွဲခဲ့သည်ဟု သံသယရှိသူ စီစီတီဗွီထဲတွင် တီရှပ်အဝါဝတ်ဆင်ထားသည့် နိုင်ငံခြားသားတစ်ဦးထံသို့ အဆိုပါပြုလုပ်ထားသော ဗုံးကိုပေးအပ်ရန် အမိန့်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။ ထို့နောက် တီရှပ်အဝါဝတ်သံသယရှိသူက လူစည်ကားသော လေးမျက်နှာဘုရားအနီးတွင် ဗုံးထောင်ထားခဲ့သည်ဟု ဆိုသည်။

အဆိုပါဗုံးဖောက်ခွဲမှုကြောင့် လူ ၂၀ သေဆုံးပြီး ၁၂၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

'အစ်ဇန်'သည် ဩဂုတ် ၁၆ ရက်က ထိုင်းနိုင်ငံမှ ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်း သံသယရှိသူ'မိုင်ရိုင်လီ' က ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

❒



# ဆီးရီးယားနိုင်ငံရှိ အရေးပါသည့် ရေနံတွင်းတစ်တွင်း အိုင်အက်စ်တို့ သိမ်းပိုက်

**ဒမတ်စကတ် စက်တင်ဘာ ၇**

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး( အိုင်အက်စ်)တို့က ဆီးရီးယားနိုင်ငံအလယ်ပိုင်းရှိ အဓိကအရေးပါသော ရေနံတွင်းတစ်တွင်းကို ဆီးရီးယားအစိုးရတပ်များလက်မှ သိမ်းပိုက်သွားခဲ့ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က စက်တင်ဘာ ၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ဆီးရီးယားအစိုးရတပ်များနှင့် အိုင်အက်စ်တို့ အပြင်းအထန် တိုက်ခိုက်ပြီးနောက် ဟွမ်းစ်ပြည်နယ်ရှိ အယ်လ်-ဂျာဇယ် ရေနံတွင်းမှာ အိုင်အက်စ်တို့လက်တွင်းသို့ ကျရောက်သွားခဲ့ကြောင်း လန်ဒန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

အယ်လ်-ဂျာဇယ် ရေနံတွင်းမှာ ဆီးရီးယားအစိုးရထိန်းချုပ်ထားသည့် နောက်ဆုံးရေနံတွင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ အဆိုပါရေနံတွင်းအနီးတွင် တိုက်ပွဲများမှာ ပြင်းထန်နေဆဲဖြစ်ကြောင်း ယင်းအဖွဲ့က ဆက်လက်ပြောကြားသည်။ ဆီးရီးယားအစိုးရသည် ဒီရာအယ်လ်-ဇိုဝါရှိ သဘာဝဓာတ်ငွေ့နှင့်ရေနံတွင်းများကို ဆုံးရှုံးထားပြီးဖြစ်သလို ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ နိုင်ငံ၏အကြီးဆုံးရာမယ်လန် ရေနံတွင်းကိုလည်း ကာဒစ်ရှ်စစ်သွေးကြွများက ထိန်းချုပ်ထားသည်။

ရေနံမှာ ဆီးရီးယားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် အဓိကအကျဆုံး ထုတ်ကုန်ဖြစ်ပြီး ဆီးရီးယားနိုင်ငံတွင် ပဋိပက္ခများမဖြစ်ပွားမီ လွန်ခဲ့သည့် သုံးနှစ်ကျော်က နေ့စဉ် ရေနံစည် ၃၈၀၀၀၀ ခန့် ထွက်ရှိသည်။ တစ်နေ့လျှင်ရေနံစည် ၁၃၀၀၀၀ ပြည်ပသို့ တင်ပို့နိုင်ခဲ့သော်လည်း ပဋိပက္ခများဖြစ်ပွားကတည်းက ရေနံတင်ပို့မှုမှာလည်း သိသိသာသာ ကျဆင်းလာခဲ့သည်။ **ဆင်ဟွာ။**



# ပြည်တွင်းဖြစ် မောင်းသူမဲ့လေယာဉ်ဖြင့် စစ်သွေးကြွသုံးဦးကို ပါကစ္စတန်တပ်ဖွဲ့ ပထမဆုံးအကြိမ် ချေမှုန်းသုတ်သင်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၇**

ပါကစ္စတန်နိုင်ငံသည် ပြည်တွင်းဖြစ် မောင်းသူမဲ့လေယာဉ်ကို အသုံးပြု၍ စစ်သွေးကြွများကို ပထမဆုံးအကြိမ် ချေမှုန်းသုတ်သင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ အထက်တန်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်စစ်ဘက်က တိုက်ခိုက်ရေးလုပ်ငန်းသုံး မောင်းသူမဲ့လေယာဉ် ဖြန့်ကြက်ခြင်းကို ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ပြီးနောက် စစ်သွေးကြွများအဖြစ် မသင်္ကာသူသုံးဦးကို ချေမှုန်းသုတ်သင်ခဲ့ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော ဒေသတစ်နေရာရှိစစ်သွေးကြွတို့ ခိုအောင်းရာစခန်းတစ်ခုကို ဒုံးကျည်တပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်ဖြင့် ပစ်ခတ်နိုင်ခဲ့ကြောင်း ဗိုလ်ချုပ် အေဆင်ဘာဂျဝါက ပြောကြားသည်။

"ဘာရတ်"ဟု အမည်ပေးထားသော မောင်းသူမဲ့လေယာဉ်ဖြင့် ရှာဝါးတောင်ကြားဒေသရှိ မသင်္ကာဖွယ်ရာ စစ်သွေးကြွစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှု၌ အထင်ကရ စစ်သွေးကြွသုံးဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

စက်တင်ဘာ ၆ ရက်ညက မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးရသူသုံးဦးအနက်တစ်ဦးမှာ နီဇမ်ဝါဇီဆိုသူဖြစ်သည်ဟု ဒေသတွင်းရှိ စစ်သွေးကြွများက အတည်ပြု ပြောကြားကြသည်။ နီဇမ်ဝါဇီသည် ပါကစ္စတန် တာလီဘန်အဖွဲ့နှင့် မဟာမိတ်ပြုထားသော အုပ်စုခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဝါဇီကို စက်တင်ဘာ ၇ ရက်တွင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြောင်း စစ်သွေးကြွများက ပြောကြားကြသည်။

ပါကစ္စတန် စစ်ဘက်သည် လွန်ခဲ့သည့်လမှစ၍ ရှာဝါးတောင်ကြား ဒေသ၌ ထိုးစစ်ဆင်တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၇**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ထွက်ခွာပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ကွမ်လုံမြို့သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ လောက်ကိုင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်မြို့၌ရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) အဖွဲ့အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးခန်းမ၌ တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးမြို့နယ်ခန်းမ၌ ကျင်းပသော ထောက်ပံ့ရေးပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကိုးကန့်ဒေသသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်သော နယ်မြေဒေသတစ်ခုဖြစ်ကြောင်း၊ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသတည်ငြိမ်မှု ပျက်ပြားခဲ့ရပြီး ဒေသခံပြည်သူများ အသက်ဆုံးရှုံးရခြင်းနှင့် အိုးအိမ်စွန့်လွှတ်၍ ဘေးကင်းရာသို့ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း၊ တပ်မတော်သားများမှာလည်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရရှိရန် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရကြောင်း၊ ယခုတည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုးကန့်ဒေသ ယခင်ကဲ့သို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းမှုသည် အလွန်ပင်အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

တရားဥပဒေဘောင်အတွင်း စည်းကမ်းတကျနေထိုင်သွားလျှင် ပြည်ပနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီး အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဖို့လိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းပါဝင်ကြိုးစားဆောင်ရွက်ကြရန် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံး အစည်းအဝေးခန်းမ၌ စစ်အုပ်ချုပ်ရေးဒေသအကြံပေးအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာ-တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်း နယ်စပ်ဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မန်ချူးကျေးရွာသစ်မြေနေရာတွင် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်နေမှုနှင့် လောက်ကိုင်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် လောက်ကိုင်မြို့ ခရိုင်ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ တင်ပြမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခါသမယတွင် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မစ္စ အိုင်ရီနာဘိုကိုဗာထံမှ ပေးပို့သောသဝဏ်လွှာ

**၂၀၁၅ ခုနှစ် စက်တင်ဘာ ၈**

နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့တွင် စာတတ်မြောက်ရေးသည် လူ့အခွင့်အရေးဟူသော တံခွန်အလံကို လွှင့်ထူကြမြဲ ဖြစ်ပါသည်။ စာတတ်မြောက်ရေးသည် ဂုဏ်သိက္ခာရှိရေးအတွက် အင်အား၊ စုစည်းညီညွတ်သော လူ့အဖွဲ့အစည်းများဖြစ်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရရှိရေးအတွက် အခြေခံအုတ်မြစ်လည်း ဖြစ်ပါသည်။

ဤသိစေလိုရင်းအချက်မှာ ယခုနှစ်အတွက် ပိုမို၍ အရေးကြီးပါသည်။ လာမည့် ၁၅နှစ်အတွက် လမ်းညွှန်အဖြစ် အသုံးပြုမည့် ပညာရေးနှင့် ဖွံ့ဖြိုးရေးလမ်းစဉ်သစ်ကို နိုင်ငံအများက အတည်ပြုရန် ရှိပါသည်။ ဤလမ်းစဉ်သစ်တွင် စာတတ်မြောက်ရေးကို အားပေးမြှင့်တင်ခြင်းသည် အချက်အချာနေရာမှ ပါဝင်ရပါမည်။ စာတတ်မြောက်ရေးသည် အမျိုးသမီး၊ အမျိုးသား တစ်ဦးချင်းကို စွမ်းဆောင်နိုင်စေခြင်းဖြင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် စားနပ်ရိက္ခာဖူလုံမှုမှ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေးနှင့် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေး အားပေးမြှင့်တင်ခြင်းအထိ ကဏ္ဍစုံ ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုဖြစ်စေပါသည်။ ၂၀၀၀ခုနှစ်မှစ၍ ကမ္ဘာတစ်ဝန်း တိုးတက်မှုရှိသော်လည်း ကြီးမားသော စိန်ခေါ်မှုအခက်အခဲများလည်း ရှိပါသည်။ ယခုအခါ အရွယ်ရောက်ပြီးသူ ၇၅၇သန်းမှာ အခြေခံစာတတ်မြောက်ရေး ကျွမ်းကျင်မှုများ မရှိကြပါ။ ယင်းတို့အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများ ဖြစ်ပါသည်။ ကျောင်းမနေသော ကလေးသူငယ်များနှင့် အရွယ်ရောက်စလူငယ်များအရေအတွက် တိုးမြင့်လာနေပါသည်။ ကမ္ဘာတစ်ဝန်းတွင် ၁၂၄ သန်း ရှိပါသည်။ မူလတန်းအရွယ်ကလေးသူငယ် သန်း ၂၅၀ ခန့်မှာ ကျောင်းတက်နိုင်သည့်တိုင် အခြေခံစာတတ်မြောက်မှု ကျွမ်းကျင်မှုများ လေ့လာသင်ယူနိုင်မှုမရှိဘဲ ဖြစ်နေပါသည်။

ဤသို့ဆက်လက်ဖြစ်ပွားနေခြင်းကို ခွင့်မပြုနိုင်ပါ။ “အများပါဝင်ပြီး သာတူညီမျှဖြစ်သော အရည်အသွေးမြင့် ပညာရေးနှင့် အားလုံးအတွက် ဘဝတစ်သက်တာ လေ့လာသင်ယူမှုကို အားပေးမြှင့်တင်ရန်” ဟူသော အဆိုပြုထားသော ရေရှည်တည်တံ့နိုင်သည့် ဖွံ့ဖြိုးရေးရည်မှန်းချက်အောင်မြင်ရန် စာတတ်မြောက်ရေးမှာ မရှိမဖြစ်လိုအပ်ပါသည်။

ဤသည်မှာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ယူနက်စကို၏ သဝဏ်လွှာပင်ဖြစ်ပါသည်။ အမျိုးသမီး အမျိုးသားများသည် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်လာနိုင်ရန် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးရေးမူဝါဒများအတွင်း စာတတ်မြောက်ရေးအတွက် လုပ်ဆောင်ချက်များကို ထည့်သွင်းလုပ်ဆောင်နိုင်ရေး ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်ရန်နှင့် ပိုမိုထိရောက်သော မူဝါဒများ ကျင့်သုံးရန် လိုအပ်ပါသည်။ ပိုမို၍ တရားမျှတပြီး စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းများတည်ဆောက်ရေးအတွက် အရေးပါသည့် မူဝါဒနယ်ပယ်အားလုံးတွင် အပြုသဘော အပြန်အလှန် အကျိုးပြုမှုများ ပေါ်ပေါက်လာစေရန် ဆန်းသစ်တီထွင်သော အစီအမံများဖြင့် ပံ့ပိုးပေးရပါမည်။ လူ့အခွင့်အရေးနှင့် လူသားဂုဏ်သိက္ခာအခြေခံပေါ်တွင် အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ် တည်ဆောက်ရေး ကြိုးပမ်းလုပ်ဆောင်ကြရာ၌ ဤအချက်မှာ အထူးလိုအပ်ပါသည်။

## ကယားပြည်နယ်မီးသတ်ဦးစီးဌာန စက်တပ်လှေ ကိုင်တွယ်ထိန်းသိမ်းမှုလေ့ကျင့်


**လွိုင်ကော် စက်တင်ဘာ ၇**

ကယားပြည်နယ် မီးသတ်ဦးစီးဌာန စက်တပ်လှေ ကိုင်တွယ်ထိန်းသိမ်းမှု ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၅)ကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။ သဘာဝဘေးအန္တရာယ် ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် နေရာများသို့ စက်လှေများကို အသုံးပြုပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သင်တန်းပို့ချရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၊ ကယားပြည်နယ်ရှိ မြို့နယ်ခုနစ်မြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးစီ စုစုပေါင်း ၁၅ ဦးတက်ရောက်ခဲ့ကာ မီးသတ်ဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ သင်တန်းတက်ရောက်ခဲ့သူ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ဆင့်ပွားသင်တန်း ပြန်လည်သင်ကြားပေးခြင်း ဖြစ်သည်။

လေ့ကျင့်မည့် စက်လှေအမျိုးအစားမှာ Type D အမျိုးအစား (၁၇×၆)ပေ၊ ၁၀ ယောက်ဆံ့ စက်လှေဖြစ်ပြီး အဆိုပါ သင်တန်းကို စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် နောင်ယားကန်သာ၌ လေ့ကျင့်သင်ကြားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



## အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၇**

ဂျပန်နိုင်ငံ Tokyo နှင့် Nagoya တို့၌ စက်တင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် “Workshop on SME Innovation and Quality Management for Myanmar to Increase Productivity” အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်ဝါဝါမင်းနှင့် အသင်းဝင် ဒေါ်ကြည်ကြည်ဝင်းရွှေ၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်ချိုချိုဝင်းတို့သည် စက်တင်ဘာ ၅ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

## မြန်မာ့စာတိုက်လုပ်ငန်းမှ ဝန်ဆောင်မှုပေး

**ရန်ကုန် စက်တင်ဘာ ၇။** ။၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတင်သော ကျောင်းသား ကျောင်းသူများ လွယ်ကူအဆင်ပြေစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာ၏ လမ်းညွှန်မှုဖြင့် ဗိုလ်တထောင်စာတိုက်မှူးနှင့်ဝန်ထမ်းများက တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအတွက် ငွေကျပ် ၁၀၀တန် တံဆိပ်ခေါင်းများရောင်းချပေးပြီး ဝန်ဆောင်မှုပေးလျက်ရှိရာ စက်တင်ဘာ ၅ ရက်အထိ တံဆိပ်ခေါင်းရောင်းချရငွေ ၁၆ သိန်းကျော်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# စာမတတ်သူ ဒို့ဝိုင်းကူ

ဒေါက်တာသန်းဦး




*"လဲနေသူကို*
*ဝိုင်းထူလို့ပေး၊*
*စာမတတ်သူ*
*ဝိုင်းကူစို့လေး"။*

**စာတတ်မြောက်ရေးလှုပ်ရှားမှု**

စာမဖတ်တတ်သူ၊ စာမရေးတတ်သူကို စာဖတ်စာရေးမတတ်သူ (illiterate)ဟူ၍ သတ်မှတ်ခံရပါသည်။ စင်စစ်အားဖြင့် ထိုသူသည် လူပုံအလယ်၌ မျက်နှာငယ်ရသူ၊ လူ့သိက္ခာတွင် ချို့တဲ့နေရသူအဖြစ် လူ့အသိုင်းအဝိုင်း၌ အားငယ်နေရပါသည်။ လူ့အဖွဲ့အစည်း၌ မဝင်ဆံ့ဖြစ်နေရပါသည်။

ထိုသူသည် သူကိုယ်တိုင် စာမဖတ်တတ်ကြောင်း၊ စာမရေးတတ်ကြောင်းကို လူအများမသိအောင် ကြိုးစား၍ ဖုံးကွယ်ထားတတ်ပါသည်။ စာတတ်သယောင်ယောင်ဆောင်၍ နေရပါသည်။ အမှန်တကယ်အားဖြင့် စာမတတ်ပါ။ စာမတတ်သူ ရွက်ပုန်းသီးပမာ နေထိုင်ဆက်ဆံခံနေရပါသည်။

ထိုသူသည် မိမိစာမတတ်ခြင်းကိုလည်း ရှက်တတ်နေပါသည်။ သို့သော် စာတတ်အောင် အသက်အရွယ်အရ စာသွားမသင်ရဲပါ။ စာသင်ရမှာကိုပင် ကြောက်ရွံ့နေပါသည်။ မရှက်ရမည်ကို ရှက်၍၊ မကြောက်ရွံ့ရမည်ကို ကြောက်ရွံ့နေခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် စာမတတ်သူများကို ထိုအရှက်၊ အကြောက်တို့မှရုန်းထွက်လာနိုင်အောင် "စာတတ်မြောက်ရေးလှုပ်ရှားမှု" (LITERACY CAMPAING) ဖြင့် စာမတတ်သူများကို ကောင်းစွာချဉ်းကပ်ရပါသည်။ ဆွဲဆောင်သိမ်းသွင်းယူရပါသည်။ စည်းရုံးယူရပါသည်။ ဤသည်ပင်လျှင် စာတတ်မြောက်ရေးလှုပ်ရှားမှု၏ အဓိက တာဝန်နှင့် အဓိက လုပ်ငန်း ဖြစ်ပါတော့သည်။

**စာမတတ်သူကို စာတတ်သူက သင်ကြားပေးခြင်း**

စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် အဓိက ပုဂ္ဂိုလ်နှစ်ဦးရှိပါသည်။ ထိုသူတို့မှာ-

**"စာမတတ်သူ"**
**နှင့်**
**"စာတတ်သူ"**

တို့ဖြစ်ကြပါသည်။

စာမတတ်သူကို စာတတ်သူက စာတတ်လာအောင် သင်ကြားပေးနိုင်ပါသည်။ (Teach one, each one)။ စာတတ်မြောက်ရေးတွင် စာမတတ်သူကိုယ်တိုင်က၊ မရှက်မကြောက် သင်ယူလိုစိတ်၊ သင်ယူလိုသော ဆန္ဒပြင်းပြမှု ရှိရပါသည်။ ထိုသို့သော စိတ်၊ ဆန္ဒမျိုးပေါ်ထွန်းလာအောင်၊ ပေါ်ထွက်လာအောင် စာတတ်မြောက်ရေးလှုပ်ရှားမှုက စနစ်တကျ ထဲထဲဝင်ဝင်ကြိုးကြိုးစားစား လှုံ့ဆော်တတ်မှု၊ ချဉ်းကပ်တတ်မှု၊ စည်းရုံးသိမ်းသွင်းတတ်မှု ရှိရပါသည်။

စာတတ်မြောက်အောင် သင်ကြားပေးရာတွင်လည်း အမျိုးသား စာမတတ်သူကို အမျိုးသား စာတတ်သူက အချင်းချင်းသင်ကြားပေးခြင်း၊ အမျိုးသမီး စာမတတ်သူကို အမျိုးသမီး စာတတ်သူက အချင်းချင်းသင်ကြားပေးခြင်း၊ ဖြစ်နိုင်ပါက၊ ရနိုင်ပါက ကိုယ်ဝန်ဆောင် စာမတတ်သူကို ကိုယ်ဝန်ဆောင် စာတတ်သူက သင်ကြားပေးခြင်း မျိုးတို့ကို ရရှိလာအောင် ကြံဆောင်ကြိုးစားဖန်တီးပေးကြရပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းကို စာတတ်မြောက်ရေးလှုပ်ရှားမှုက ကြံဆောင် အားထည့် အားထုတ်ရခြင်းဖြစ်ပါသည်။

**စာတတ်မြောက်ရေးလှုပ်ရှားမှုသည်-**

(က) စာမတတ်မြောက်သူကို စာသင်ယူချင်လာအောင် စာသင်ယူဖြစ်လာအောင်လည်းကောင်း၊

(ခ) စာတတ်မြောက်ပြီးသူကိုလည်း စာမတတ်သေးသူအား စာသင်ပေးချင်လာအောင်၊ စာတတ်မြောက်သွားသည်အထိ စာသင်ပေးခြင်းအမှုကို ပြုလုပ်ဖြစ်လာအောင်လည်းကောင်း

နှစ်ဖက်နှစ်လမ်းကောင်းစွာ၊ စနစ်ကျစွာလှုံ့ဆော် စည်းရုံးသိမ်းသွင်းဆောင်ရွက်ခြင်းအမှုပြုရပါသည်။

**ပညာဒါနပေးလှူခြင်း**

စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် စာမတတ်သူ သင်ယူသူနှင့် ထိုစာတတ်သူကို စာတတ်မြောက်သွားအောင် သင်ကြားပေးလိုသူ၊ ထိုနှစ်ဦးတို့အပြင် ထိုနှစ်ဦးတို့ သင်ကြားသင်ယူကြရမည့် အချိန်၊ သင်ကြားသင်ယူကြရမည့်နေရာ ၊ သင်ကြားသင်ယူရာ၌ အသုံးပြုရမည့် ပစ္စည်းများ (သက်ကြီးဖတ်စာအုပ်၊ ဆရာကိုင်လမ်းညွှန်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်စသည်များ)လိုအပ်မည့် အလင်းရောင်ပေးနိုင်သည့် ဖယောင်းတိုင်၊ ဆီမီးခွက်၊ မီးလုံး၊ မီးချောင်းနှင့်တကွ စာသင်ခုံ၊ စာသင်စားပွဲ၊ ကျောက်သင်ပုန်းကြီး (ထမင်းစားပွဲ အဝိုင်းကိုလည်း ကျောက်သင်ပုန်းကြီးအဖြစ် အသုံးပြုနိုင်သည်)ရရှိရေးတို့အတွက်ကိုပါ ကြံဆောင်၍ ပညာဒါနပေးလှူကြမည့် အလှူရှင် (သဒ္ဓါကြည်လင်ပါရမီရှင်)တို့ကိုပါ တစ်ပါတည်း တစ်တွဲတည်း ရရှိလာအောင် ကြံဆောင်ကြိုးစားစည်းရုံးပြီး ဆောင်ရွက်မှု ပြုကြရပါသည်။

သို့ဖြင့် စာမတတ်သူကို စာတတ်လာအောင် သင်ယူလိုစိတ်၊ သင်ယူလိုမှုရှိလာအောင်၊ စာတတ်သူကလည်း စာမတတ်သူကို စာတတ်သွားသည်အထိ သင်ကြားပေးလိုစိတ်နှင့်သင်ကြားပေးမှု အောင်မြင်ထမြောက်သွားအောင် ကြိုးစားဆောင်ရွက်မှုတို့ အောင်မြင်ပေါက်မြောက်၊ ထိရောက်စေရေးအတွက် လိုအပ်သည့် အချိန်၊ နေရာနှင့်တကွ ပစ္စည်းများကိုပါ ပြည့်ပြည့်စုံစုံကူညီပံ့ပိုးနိုင်သည့် ပညာဒါနပေးလှူသူ၊ အလှူရှင်များပါမကျန် ပြည့်စုံစွာ အဘက်ဘက်မှရရှိလာအောင် စာတတ်မြောက်ရေးလှုပ်ရှားမှုက ကြံဆောင်ဖော်ဆောင်ကြိုးပမ်းအားထုတ်ရပါသည်။

**တတ်မြောက်မှုကိုစစ်ဆေးခြင်း၊**
**အောင်မြင်မှုကိုအားပေးခြင်း**

စာမတတ်သူကိုစာတတ်သူက သင်ကြားရာ၌ သက်ကြီးဖတ်စာကို လက်ကိုင်ထား၍ ထိုသက်ကြီးဖတ်စာကို သင်ကြားသူက မည်သို့မည်ပုံသင်ကြားပေးရမည်၊ သင်ယူသူက မည်သို့မည်ပုံသင်ယူရမည်တို့ကို သက်ကြီးဖတ်စာပါ လမ်းညွှန်မှာကြားထားချက်တို့နှင့်အညီ သင်ကြား သင်ယူမှုပြုစေရမည်ဖြစ်ပါသည်။

သက်ကြီးဖတ်စာပါ သင်စာနှင့် ဖတ်စာတို့အရ သင်စာ၊ ဖတ်စာတို့ကို သင်ကြားသင်ယူပြီးတိုင်း တတ်မြောက်မှုကို တစ်ပါတည်း ကျွဲကူးရေပါ စစ်ဆေးသွားကြရပါသည်။ (ဥပမာ- ဝ ထ က လ သ ကို သင်ကြားသင်ယူစေရာ၌ အက္ခရာထိုင်းလုံး၏ အသံ၊ အဓိပ္ပာယ်နှင့် ရေးဆွဲတတ်မှု တစ်ခုချင်းကို အဖတ်၊ အရေး နှစ်မျိုးစလုံးကို ဖတ်ရွတ်ရေးသားတတ်ပြီဆိုပါက ထိုသို့ တတ်မြောက်သွားကြောင်းကို သင်ကြားသည့်ဆရာက သင်ယူသူ(တပည့်)အား ကောင်းစွာအသိပေးကြေညာရမည်။ အားပေးစကား၊ ချီးကျူးစကားကို အများကြားထဲ၌ မုချပြောကြားပေးရပါမည်။ သို့ဖြင့် မူလအရှက်အကြောက်တို့လည်း ပြေပျောက်သွားစေပြီး အားတက် အားရှိလာပါလိမ့်မည်။ သင်ယူလိုစိတ်များလည်း ထက်သန်လာပြီး သင်ယူလိုသောဆန္ဒလည်း တဖွားဖွားပေါ်ပေါက်လာပါလိမ့်မည်။)

**လုပ်အားများပေးလှူခြင်း**

စာမတတ်သူအား စာတတ်မြောက်သည်အထိ သင်ယူမှုဆက်တိုက်ပြုလုပ်သွားနိုင်အောင် ပြုလုပ်ဖြစ်အောင် ထိုသူ့အတွက် လိုအပ်မည့် လုပ်အားမျိုးကို ကူညီပံ့ပိုးပေးနိုင်ရပါမည်။ (ဆိုက်ကားနင်းသူကို စာတတ်မြောက်ရေး သင်တန်းတက်နေချိန်၌ ထိုလုပ်ငန်းကို ကူညီဆောင်ရွက်ပေးခြင်း၊ နွားစာမြက်စဉ်းနေရသူကို စာသင်ချိန်၌ နွားစာမြက် ကူညီစဉ်းပေးထားခြင်း၊ စာသင်ယူနေသူ၏ ကလေးငယ်ကို ကူညီထိန်းသိမ်းပေးထားခြင်းစသည် စသည်တို့၌ စာသင်ယူသူတို့ နောက်ဆံမတင်းရလေအောင်၊ စာသင်ယူချိန်၌ စာသင်ယူဖြစ်သွားရလေအောင်၊ ကြံဆောင် ကူညီထောက်ပံ့ ပံ့ပိုးမှုများပြုလုပ်ပေးခြင်းဖြင့် လုပ်အားအလှူပေးခြင်း အမှုကိုလည်းပြုလုပ်ပေးနိုင်ရန် စာတတ်မြောက်ရေးလှုပ်ရှားမှုက တစ်ပါတည်းစည်းရုံးဆောင်ရွက်သွားရပါသည်။)

အချုပ်အားဖြင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် စာမတတ်သူအား စာတတ်သူက စာတတ်မြောက်လာအောင် သင်ကြားမှုဖြင့်ကူညီခြင်း၊ စာမတတ်သူ စာတတ်မြောက်လာစေရန် လိုအပ်သည့်ပံ့ပိုးမှုအမျိုးမျိုး (လုပ်အားများပေးကူညီခြင်းအပါအဝင်)တို့ဖြင့် ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ပေးပါက စာမတတ်သူများ စာတတ်မြောက်လာသူများအဖြစ် မုချဖြစ်ထွန်းပေါ်ထွက်လာမည့် ရလဒ်ကောင်းများ အမှန်ရရှိလာပါလိမ့်မည်။

"စာမတတ်သူ တို့ဝိုင်းကူ၊ ပညာဒါန ပေးလှူကြ" ဟူသော ဆောင်ပုဒ်ကို ဆောင်ပုဒ်အဖြစ်မှသည် လက်တွေ့ကျကျလုပ်ဆောင်သော လုပ်ငန်းရပ် အဖြစ်သို့ မဖြစ်မနေ၊ မရမနေ ဆောင်ရွက်ဖြစ်အောင် ကျွန်ုပ်တို့ အားလုံး၊ စာမ တတ်သူရော စာတတ်သူတို့ကိုပါ "လူတိုင်းစာတတ်မြောက်ရေး၊ လူတိုင်းအရေး" အဖြစ် အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေး သဘောထား၊ အမျိုးသားရေးတာဝန်၊ သမိုင်းပေး မွန်မြတ်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် အားသွန်ခွန်စိုက် ကြိုးကြိုးကုတ်ကုတ် အားထည့် အားထုတ်ဆောင်ရွက်ကြရန် အမှန်တကယ်လိုအပ်ပါကြောင်းနှင့် တကယ်လုပ်က အဟုတ်ဖြစ်နိုင်ပါကြောင်း ဆွေးနွေးတင်ပြလိုက်ရပါသတည်း။

ဤဆွေးနွေးတင်ပြချက်ကို အောက်ဖော်ပြပါ ကဗျာနှစ်ပုဒ်ဖြင့် အဆုံးသတ်လိုက်ပါသည်။

**နေ့ညအလှ**

*ရှင်နေမင်းမှာ၊ အလင်းဖြာသည်*
*နေ့ခါထွန်းပ နေ့အလှ။*
*ငွေလမင်းမှာ၊ အလင်းဖြာသည်*
*ညအခါဝင်းပ ညအလှ။*
*စာတတ်စာဖတ်၊ အလင်းဓာတ်ကား*
*ထူးမြတ်လှစွာ၊ ဉာဏ်ရောင်ဖြာ၍*
*နေ့ခါညခါ ၊ ထွန်းလင်းသာသည်*
*ရင်မှာရွှန်းမြ၊ နေ့ညအလှ။*

မင်းယုဝေ

**အလင်းတိုင်ကို ကိုင်ကြစို့**

*သူတို့ဘဝ၊ အမှောင်ကျလည်း*
*ကျမှန်းမသိ ငုံးတိတိ။*
*သူတို့အဖြစ်၊ မှောင်ညစ်ညစ်လည်း*
*ညစ်မှန်းမသိ ကန်းလေဘိ။*
*အ မှန်းမသိ၊ ကန်းလေဘိ၍*
*လမ်းမသိနိုင်၊ မှောင်ထဲငိုင်စဉ်*
*အလင်းတိုင် တစ်ခု၊ မြင်လိုက်မှုကြောင့်*
*အလုအယက်၊ ဝမ်းမြောက်လက်နှင့်*
*နှစ်သက်လှစွာ၊ ကိုင်စွဲလာပြီ*
*ခွာလော့ ရှဲလော့ အမှောင်ထု။*

တင်မိုး

# လမ်းပြဦးဆောင် စာဂုဏ်ရောင်

## (ပါဒ၊ အချ၊ အချီ၊ သုံးချက်ညီ)

## ပိုဒ်စုံရတု

ဖော်ညွှန်းဆင်ရာ၊ မော်ကွန်းစာတည့်၊ သာသည့်ဘုံနန်း၊ နေနိုင်စွမ်းရန်၊ ကြိုးပမ်းထူထောင်၊ လမ်းပြဆောင်၍၊ ရောင်ခြည်ထိန်လင်း၊ အမှောင်ခွင်းပြီ၊ ရိုင်းပင်းငဲ့ညှာ၊ စေတနာနှင့်၊ စာပေတတ်မြောက်၊ လမ်းမှန်ရောက်အောင်၊ တစ်ယောက်မကျန်၊ စာတတ်ရန်ဟု၊ ခိုင်သန်လေးနက်၊ ခံယူချက်ဖြင့် တွဲလက်ညီတူ၊ လုပ်အားလှူ၍၊ လူတိုင်းစာတတ်၊ စာပေဖတ်ပြီ၊ မှတ်ဖွယ်မှတ်ရာ၊ နည်းပညာတို့ စာပေထဲမှ၊ ရှာဖွေရကာ၊ လောကဝန်းကျင်၊ အလှဆင်ရင်း၊ ဂုဏ်အင်ပွားတိုး၊ အသိနိုးလျက်၊ ကောင်းကျိုးဆောင်နိုင်၊ စွမ်းအားခိုင်မို့၊ နိုင်ငံသစ်ရွှန်း၊ တစ်ခေတ်ထွန်းသည်၊ မော်ကွန်းတင်စာ တည်စေသောဝ်။

မော်ကွန်းတင်စာ၊ ဖော်ညွှန်းရာတည့်၊ စာပေဖတ်ရှု၊ လေ့လာမှုဖြင့်၊ သုတပွားကြွယ်၊ သိကြားလွယ်မို့ စွယ်စုံပြည့်ဝ၊ နှလုံးလှကာ၊ ဘဝသစ်လွင်၊ ကောင်းကျိုးဆင်လျက်၊ မြော်မြင်နိုင်းချင့်၊ စွမ်းရည်မြင့်သည်၊ ကိုယ်ကျင့် ကောင်းမွန်၊ ကျရာဝန်၌၊ အားသွန်ကြိုးပမ်း၊ ရွက်ဆောင်ထမ်းကာ၊ စွမ်းစွမ်းတမံ၊ ဇွဲခိုင်သန်သည့်၊ လျှင်မြန်သွက်လက်၊ ဉာဏ်ရည်ထက်သည်၊ စွဲမက်မွေ့လျော်၊ စာဖတ်ပျော်၍၊ တွေးခေါ်ကြံဆ၊ မြင့်မြတ်လှစွာ လမ်းပြဦးဆောင်၊ စာဂုဏ်ရောင်နှင့်၊ အောင်ပန်းဆွတ်ခူး၊ အောင်သံကျူးလျက်၊ ဆုထူးအောင်နိုင်၊ အောင်ပွဲမြိုင်မို့၊ ပိုင်တည်စံညွှန်း၊ စာမော်ကွန်းသည်၊ ပေါ်ထွန်းလင်္ကာ စီစေသောဝ်။

ပေါ်ထွန်းလင်္ကာ၊ မော်ကွန်းစာတည့်၊ ပညာတည်စွဲ၊ အနေရဲပြီ၊ ပွဲလယ်တင့်ကာ၊ ခွင့်ကောင်းခါမို့ စာပေတတ်ကျွမ်း၊ ပညာပန်းကို၊ ဆင်မြန်းကိုယ်စီ၊ စွမ်းဆောင်ရည်ဖြင့်၊ ခေတ်မီဖွံ့ဖြိုး၊ စည်းစိမ်တိုးအောင် ကိုးစားသည့်ဉာဏ်၊ နိုးကြားမာန်နှင့်၊ ခိုင်သန်သည့်အား၊ ဆင့်ယူပွားကာ၊ ရိုးသားသည့်မူ၊ ထုံနည်းယူ၍ လူမှုကောင်းကျိုး၊ ဆောင်သယ်ပိုးသည်၊ မျိုးရိုးသိက္ခာ၊ ဘုန်းသမ္ဘာနှင့်၊ ဇာတိပုညာ၊ ဂုဏ်မာနလျှင်၊ တောက်ပထင်ပေါ်၊ ဇမ္ဗူကျော်မို့ မော်မော်ကြွားကြွား၊ မြန်မာများဟု၊ ခံ့ညားထည်ဝါ၊ ဤကမ္ဘာ၌၊ မြန်မာဦးစွန်း၊ တင့်တင့်ရွှန်းသည်၊ ဖော်ညွှန်းဆင်ရာ ပီစေသောဝ်။

(စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုလျက်)

ရေနံ့သာမောင်ကျော်ညွှန့်

ပြန်လည်ထူထောင်ရေး

# ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၇**

ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမကြီး၌ ကျင်းပရာ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအား အကဲဖြတ်ပုံစံများကို ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ထိုပုံစံများပြန်လည်စုစည်း၍ ပြန်လည်ထူထောင်ရေးစီမံချက်များကို တိကျစွာရေးဆွဲပြီး ပြန်လည်အကောင်အထည်ဖော်ရေးအစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖြန့်ဖြူးထားသည့် ပုံစံများကို တိကျစွာပြန်လည်ပေးအပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ရရှိသည့်ပုံစံများရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်ပတ်သက်၍ ဦးစားပေးအဆင့်အတန်းခွဲကာ ကူညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြည်တွင်း ပြည်ပ အလှူငွေများကို အချိုးကျမှန်ကန်စွာ အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ အကဲဖြတ်ပုံစံများကို အနီးစပ်ဆုံး ပြန်လည်ပေးနိုင်မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်များကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပေးအပ်ရန် ကျန်ရှိမည်ဆိုပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကြန့်ကြာနှောင့်နှေးနိုင်ပါကြောင်း၊ စာရင်းဇယားများ မတိကျ မသေချာပါက ဦးစားပေးအစီအစဉ်များ လွဲချော်နိုင်ပါကြောင်း။

ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်မှုများရှိလာပြီး ဘေးအန္တရာယ်တွေ့ကြုံခဲ့ရသည့်ပျက်စီးဆုံးရှုံးမှုအနေအထား၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့်အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိသည့်စာရင်းဇယားများအပေါ် မူတည်၍ မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စာရင်းဇယားများ တိကျမှန်ကန်မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်စွာ ကူညီဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်စရာရှိသည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသများအတွင်း တွေ့ကြုံခဲ့ရသည်များနှင့် စာရင်းဇယားများကို တိကျစွာရှင်းလင်းကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က သဘာဝဘေးသင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးသန့်ကျော်က ပြည်ပအကူအညီများနှင့်ပတ်သက်၍ မှန်ကန်ထိရောက်စွာစီမံခန့်ခွဲသွားမည့်အစီအမံများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ်စိုးဝင်းက ဘေးသင့်ဒေသရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာဇော်ဦးက ပြန်လည်ထူထောင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ကျေးရွာများသို့ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ နယ်လှည့်ကွင်းဆင်းကုသ

**ကန့်ဘလူ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ မြို့နယ်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသခြင်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက အင်းမကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူများအား သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် ငှက်ဖျားရောဂါများ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်များ၊ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောခြင်း၊ အင်းမ၊ ရှမ်းကုန်း၊ ပင်းတဲနှင့် ဟင်းဖြူတောကျေးရွာများမှ ရဟန်းသံဃာနှင့် ပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးပြီး ကုသခြင်းများ ဆောင်ရွက်ခဲ့ရာ အထွေထွေလူနာ ၂၄၁ ဦး၊ အရိုးအကြောလူနာ ၅၂ ဦး၊ ကလေးလူနာ ၁၀၃ ဦး၊ သွားနှင့်ခံတွင်းလူနာ ခြောက်ဦး၊ သားဖွားမီးယပ်လူနာ ခုနစ်ဦး စုစုပေါင်း ၄၀၉ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဖောင်းပြင်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဖောင်းပြင် စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်း ဦးဆောင်သော ဖောင်းပြင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်နှင့် ဝန်ထမ်းများအဖွဲ့သည် စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲက ဖောင်းပြင်မြို့နယ် ပိုးစာကုန်းကျေးရွာ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းရှိ ရွှေ့ပြောင်းအိမ်ထောင်စု ၁၄ စုအား ဆန်၊ မျက်နှာသုတ်ပဝါ၊ ရေသန့်နှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့ပြင် နံနက် ၁၀ နာရီတွင် ဖောင်းပြင်မြို့နယ် မင်းယာစံပြကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့် ရွှေ့ပြောင်းအိမ်ထောင်စု ၂၉ စုအား လည်းကောင်း၊ ညနေ ၃နာရီတွင် ဖောင်းပြင်မြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း နှစ်ခုမှ ရေဘေးသင့် ရွှေ့ပြောင်းအိမ်ထောင်စု ၆၄ စုအား လည်းကောင်း ဆန်၊ ငါးသေတ္တာဘူး၊ ရေသန့်နှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဒလမြို့နယ်၌ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်နိုင်ရေး ရန်ပုံငွေအနုပညာဂီတပွဲတော် ကျင်းပ

**ဒလ စက်တင်ဘာ ၇**

ဒလမြို့နယ် မြို့မိမြို့ဖများ၊ နှောင်ကြိုးမဲ့ ပရဟိတသူငယ်ချင်းများအဖွဲ့ (ဒလမြို့နယ်)နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ရန်ပုံငွေ အနုပညာဂီတပွဲတော်အား စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက ဒလမြို့နယ် ဗိုလ်တေဇအားကစားပြိုင်ဝင်းအတွင်းရှိ အားကစားရုံခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါရန်ပုံငွေ အနုပညာဂီတပွဲတော်မှရရှိသော အလှူငွေများအား ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။




ရန်ပုံငွေအနုပညာဂီတပွဲတော်သို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) ဦးဆောင်၍ ဒါရိုက်တာ/သရုပ်ဆောင် ကိုပေါက်၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ အောင်ခိုင်၊ အောင်ပိုင်၊ မိုးယံဇွန်၊ ပိုင်ဇေရဲထွန်း၊ သားညီ၊ စည်သူမောင်၊ ညီထွဋ်ခေါင်၊ ကျော်ကျော်၊ ပူစူး၊ အစ္စဏီ၊ အကယ်ဒမီ ဝါဝါအောင်၊ မိုးပြည့်ပြည့်မောင်၊ ယွန်းရွှေရည်၊ နန်းခင်ဇေယျာနှင့် အနုပညာရှင်များ၊ မယ်လိုဒီဝေါနှင့် အိပ်မက်ဆုံရာတို့မှ အဆိုတော်များ ပါဝင်သီဆိုခဲ့ကြသည်။

“ပရိသတ် ၁၂၀၀ ကျော် လာအားပေးပါတယ်။ အနောက်ကျောင်းဆရာတော်က ဆေးနဲ့ ဆေးပစ္စည်း ၁၅ သိန်းဖိုး၊ ကျန်တဲ့ အလှူရှင်တွေက ငွေကျပ် ၁၂ သိန်း၊ လက်မှတ်ရောင်းလို့ရတဲ့ အလှူငွေကျပ် ၄၃ သိန်း စုစုပေါင်း ၅၅ သိန်းနဲ့ ဩဂုတ် ၁၅ ရက်က ဒလသင်္ဘောဆိပ်မှာ ဂျူးဂျူးစံ၊ ဂျနဗီးတို့နဲ့ အလှူခံရရှိငွေကျပ် ၆၂၀၀၀၀ ကို ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ထဲမှာရှိတဲ့ ရေဘေးသင့်ပြည်သူ ပြန်လည်ထူထောင်နိုင်ရေးအတွက် သွားရောက်လှူဒါန်းမှာပါ” ဟု အနုပညာဂီတပွဲတော်အား အဓိကပံ့ပိုးကူညီခဲ့သူ “လင်း”မိုဘိုင်းပိုင်ရှင် ဦးမြင့်ဇော်-ဒေါ်နွယ်နွယ်စိုးတို့က ပြောသည်။

ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး အနုပညာရန်ပုံငွေပွဲတော်ကို ဒလမြို့ လင်းမိုဘိုင်းမှ အဓိကပံ့ပိုးကူညီပေးခဲ့ပြီး ပြည့်ဝေဖြိုးလက်ဖက်ရည်ဆိုင်မှ ပူးပေါင်းပါဝင်ကူညီခဲ့ကြောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီကျော်အထိ အနုပညာရှင်များက ဖျော်ဖြေခဲ့ရာ လာရောက်ကြည့်ရှုသူပရိသတ်များဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | |
|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၃၈၉ | ၃၀၇၇၇ | ၁၂၇၉၁ | ၇၂၁၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၈၀၀ | ၅၈၀၀ | ၃၂၅၂ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၈၄၆၂ | ၁၈၄၈၅၄ | ၁၂၁၄၀၉ | ၆၁၄၅၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၈၈၄၂၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၃၃၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၁၀၂၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၃၇၃ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၈၅၃၉ | ၂၆၁၅၄၇ | ၂၀၉၉၇၁ | ၁၇၉၆၆ |
| စုစုပေါင်း | | ၁၄၇၉၄၄၀ | ၁၃၈၆၁၁၀ | ၈၄၂၇၁၆ | ၄၁၈၁၁၇ |


# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက်မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော်　　စက်တင်ဘာ　　၇**


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့များတွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိပြီး ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်နှင့် မော်လိုက်မြို့များတွင် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ခန္တီးမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ဟုမ္မလင်းမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)



## ပြန်လည်ထူထောင်ရေး

# ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များပူးပေါင်းကာ ရေဘေးသင့်ဒေသများရှိရပ်ကွက်များ၊ ကျေးရွာများ၊ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ဆေးကုသမှုပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မီးသတ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊သွန်၊လဲ၊စစ်စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရေဘေးကျရောက်သော တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ စက်တင်ဘာ ၆ ရက်အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒

## ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများလှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူပစ္စည်းများ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၈၀၀၀ ရှိဆန် ၂၅ ကီလိုဂရမ် ၉၀ အိတ်နှင့် တစ်တင်းခွဲ ရှစ်အိတ်၊ သက်န်း ၅၂ စုံ၊ အဝတ်အထည် ၁၂ ထုပ် နှင့် တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ မြန်မာစစ်သံရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများက ခန့်မှန်းတန်ဖိုးငွေကျပ်နှစ်သိန်းရှိ ဆန်၊ အဝတ်အထည်နှင့် ဖိနပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ကလေးဝမြို့တွင် ဒုတိယအကြိမ်ရေကြီးရေလျှံမှုဖြစ်ပွား

**ကလေးဝ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းပထမအကြိမ်ရေကြီးရေလျှံမှုဖြစ်ပွားပြီး အမြင့်ဆုံးရေအမှတ်(၁၈၈၃)စင်တီမီတာသို့ရောက်ရှိခဲ့ရာ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ ယခုတစ်ကြိမ်ပြန်လည်၍ စက်တင်ဘာ ၅ ရက်မှစတင်ကာစိုးရိမ်ရေမှတ်အထက် ၄ ပေကျော်မြင့်တက်ခဲ့ပြီး မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့တွင်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့် အိမ်ထောင်စုများကို နီးစပ်ရာကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ခဲ့ရသည်။ ချင်းတွင်းမြစ်ရေ ဆက်လက်မြင့်တက်နေမှုကြောင့် မြစ်အတွင်းပြေးဆွဲလျက်ရှိသည့် အမြန်ရေယာဉ်များ၊ လိုင်းမော်တော်များကို ခေတ္တပိတ်ထားကြောင်း သိရသည်။

**သီဟ(iprd)**

# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၇**

ဧရာဝတီ တိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိပြီး နောက် ၃ ရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။

**(သတင်းစဉ်)**

## ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်နှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ၄ ပေခွဲခန့်၊ ဖောင်းပြင်မြို့တွင် ၆ ပေခွဲခန့်နှင့် မော်လိုက်မြို့တွင် ၉ ပေခွဲခန့် ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၂ ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃. ၉၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၀၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၁၉' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၀. ၉၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၆၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၅၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၂၅' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၂၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၃၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၉၀' |
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၀၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၈၀' |
| ၁၉။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၈၀' |
| ၂၀။ | စဥ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၁။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၂။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၄၀' |
| ၂၃။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၂၄။ | ရေသိုးရေလှောင်တမံ | ၁၅၅၀၀ | ၀. ၁၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၄၀' |
| ၂၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၂၇။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၈။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၆၀' |
| ၂၉။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၇၅' |
| ၃၀။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၀' |
| ၃၁။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၃၀' |
| ၃၂။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၆၀' |

**(သတင်းစဉ်)**

❖❖❖

# စေတုတ္တရာမြို့နယ် ရေဘေးသင့်ပြည်သူများထံသို့ ဘုရားနှင့်ကျောင်းဆောင်များ လှူဒါန်း

**မကွေး စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် စေတုတ္တရာမြို့ရှိ ပြည်သူ့အားကစားကွင်းကြီး အတွင်း၌ မကွေးမြို့ ဝေဠုဝန်ဆရာတော်နှင့် အောင်ဓမ္မရက္ခိတဆရာတော် ဦးပညာဗလတို့ ဦးစီးညွှန်ကြား၍ လက်နှစ်ဖက်လက်ဖက်ရည်နှင့် အအေးဆိုင်မိသားစုဝန်ထမ်းများနှင့် ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ပဉ္စမအကြိမ်အလှူအဖြစ် ဘုရားဆင်းတုတော်၊ ကျောင်းဆောင်၊ သောက်တော်ရေခွက်၊ ဆွမ်းတော်တင်ပန်းကန်များ တစ်မျိုးစီအား ထောက်ပံ့ကူညီလှူဒါန်းမှုကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်ခဲ့သည်။

ယင်းလှူဒါန်းမှုတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးရဲသူရအောင်၊ မြို့နယ် လဝက ဦးစီးမှူး ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ၊ ရေဘေးသင့်ပြည်သူများ၊ အလှူရှင်များ တက်ရောက်ခဲ့သည်။ "ကျွန်တော်တို့ မြို့နယ်က အိမ်ရာဆုံးရှုံးမှုရှိခဲ့တဲ့ ဆားတွင်းရွာက ငါးဦး၊ ဖအိုင်းအရှေ့ရွာက နှစ်ဦး၊ သံဇယ်ရွာက ၂၄ ဦး၊ ခြင်ပြင်ကိုင်းကျေးရွာက ၈၈ ဦးနဲ့ ပိုတာကို စေတုတ္တရာမြို့ အမှတ် (၂)ရပ်ကွက်မှာ ရေမြုပ်ပြီး အိမ်ရာမဲ့သွားတဲ့ ပြည်သူတွေကို ပေးအပ်လှူဒါန်းသွားမှာပါ" ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်က လည်းကောင်း၊ "ဟိုးတုန်းကတည်းက ကျွန်မတို့ ဆရာတော်ကြီးရဲ့ ဩဝါဒကို ခံယူပြီး ရေရှားပါးတဲ့ဒေသမှာ ရေတွင်းတွေ တူးပေးခဲ့တယ်။ ရေဘေးသင့် ပြည်သူတွေကိုလည်း ကျောင်းတော်ရာဘက်မှာ နေ့စဉ် ထမင်းထုပ် ၁၀၀၀ လောက်နဲ့ လှူဖွယ်ပစ္စည်းအစုံကို လေးရက် လှူဒါန်းကျွေးမွေးခဲ့တယ်။ အခုလို ဘုရားတွေလှူတာ တစ်ဆူကို ကျပ် ၁၅၀၀၀ နှုန်းအလှူခံပြီး လိုအပ်တာတွေကို ဖြည့်စွက်ပေးတာပါ။ ဒီတစ်ပတ်အလှူရှင် ၁၃၅ ဦးက ဝိုင်းဝန်းလှူပြီး ဘုရားအဆူပေါင်း ၁၇၈ ဆူပါ။ နောက်နောင်ကိုလည်း ဆက်လက်ပြီး စုပေါင်းလှူဒါန်းသွားဦးမှာပါ"ဟု အဖွဲ့ဝင်တစ်ဦးက ပြောပြသည်။ **ကောင်းသုတ(မင်းဘူး)**



# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၇**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းမှ လေယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေနှစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော အဝတ်အထည်၊ စားသောက်ကုန်၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ဆေးမျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောင်းကုန်းမြို့နယ်နှင့် သာပေါင်းမြို့နယ် ဥပဒေရုံးများရှိ ရေဘေးသင့် ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**ပုသိမ် စက်တင်ဘာ ၇**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဦးချစ်ကိုကိုနှင့် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ကျောင်းကုန်းမြို့နယ်နှင့် သာပေါင်းမြို့နယ် ဥပဒေရုံးများ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ရေဘေးသင့်ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။ ပြည်ထောင်စုရှေ့နေချုပ်က ကျောင်းကုန်းမြို့နယ်နှင့် သာပေါင်းမြို့နယ်ဥပဒေရုံးများရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများက ပျက်စီးဆုံးရှုံးမှုနည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အရေးကြီးသော အမှုတွဲများနှင့် စာရွက်စာတမ်းများ ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း၊ ၎င်းတို့၏ စွမ်းဆောင်မှုအတွက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။ ထို့နောက် ကျောင်းကုန်းမြို့နယ်ဥပဒေရုံးနှင့် သာပေါင်းမြို့နယ် ဥပဒေရုံးတို့အတွက် အဝတ်အထည်၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရုံးသုံးပရိဘောဂများကို ရုံးဝန်ထမ်းများအား ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ကျောင်းကုန်းမြို့နယ်ဥပဒေရုံးကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများအားတွေ့ဆုံ၍ ရေဘေးသင့်ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများကို အားပေးစကား ပြောကြားပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ ထို့နောက် ပုသိမ်ခရိုင် ဥပဒေရုံးအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၇ ရက်တွင် မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ရုံး ပေကျင်းမြို့ရှိ အရာရှိ၊ စစ်သည်နှင့် မိသားစုများက အမေရိကန်ဒေါ်လာ ၅၀၀၊ အာဆီယံစစ်သံရုံးကုမ္ပဏီများက တရုတ်ယွမ် ၆၁၇၀၀ ကို လှူဒါန်းခဲ့ခြင်းနှင့် အလှူငွေစာရင်းအမှတ် (1DA-၀၃၀၀၀၈၆)သို့ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို တိုက်ရိုက်ထည့်သွင်းလှူဒါန်းခြင်းအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၅၀၀၊ တရုတ်ယွမ် ၆၁၇၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အမြဲတမ်းအတွင်းဝန် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူသည်။

ယနေ့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ငွေကျပ် ၁၇၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၇ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ကျပ် ၃၁၀၃၆၅၈၇၄၃၊ အမေရိကန် ဒေါ်လာ ၁၂၈၀၅၈၂ ဒသမ ၂၆ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရမှုကြောင့် ချင်းပြည်နယ်အတွင်း လူနေအိမ်ခြေများ ပျက်စီးထိခိုက်ခဲ့ရပြီး မြို့နယ် ကိုးမြို့နယ်တွင် ပြိုကျပျက်စီးခဲ့ရသော အိမ်များနှင့် ပြောင်းရွှေ့ရန်လိုအပ်သော အိမ်များအပါအဝင် စုစုပေါင်း အိမ်ခြေ ၂၉၂၅ လုံး ဖြစ်ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၉၅၆ ဒသမ ၁၁၀ ဖြစ်ကြောင်း စက်တင်ဘာလ ၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ စာရင်းချုပ်စာရင်းများအရ သိရသည်။ ချင်းပြည်နယ်အတွင်း မြို့နယ် ကိုးမြို့နယ်ရှိရာတွင် ပြည်နယ်၏မြို့တော် ဟားခါးတွင် မြို့ပေါ်ရပ်ကွက်များရှိ အိမ်ကြီးအိမ်ကောင်းများ ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ဆုံးရှုံးမှုတန်ဖိုးအများဆုံးဖြစ်ကြောင်း သိရသည်။

ဟားခါးမြို့နယ်တွင် အိမ်ပြိုကျပျက်စီးမှု ၅၁၇ လုံး၊ ပြင်ဆင်ပြောင်းရွှေ့ရန်လိုအပ်သော အိမ် ၃၃၆ လုံး၊ စုစုပေါင်းအိမ်အရေအတွက် ၈၅၃ လုံးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၁၃၃၅ ဒသမ ၃၃၀၊ ထန်တလန်မြို့နယ်တွင် ပြင်ဆင်ပြောင်းရွှေ့ရန်လိုအပ်သော နေအိမ်နှစ်လုံးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်တစ်သန်း၊ ဖလမ်းမြို့နယ်တွင် အိမ်ပြိုကျပျက်စီးမှု ရှစ်လုံး၊ ပြင်ဆင်ပြောင်းရွှေ့ရန်လိုအပ်သောနေအိမ် ၁၀၄ လုံး၊ စုစုပေါင်းအိမ်ခြေ ၁၁၂ လုံးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၇၅ ဒသမ ၃၈၀၊ တီးတိန်မြို့နယ်တွင် ပြိုကျပျက်စီးသော အိမ်အရေအတွက် ၆၈ လုံး၊ ပြင်ဆင်ပြောင်းရွှေ့ရန်လိုအပ်သော အိမ် ၃၇၄ လုံး၊ စုစုပေါင်းအိမ်ခြေ ၄၄၂ လုံးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၃၂၃၊ တွန်းဇံမြို့နယ်တွင် ပြိုကျပျက်စီးသော အိမ်အရေအတွက် ၇၀၊ ပြင်ဆင်ပြောင်းရွှေ့ရန်လိုအပ်သော နေအိမ် ၂၉၃ လုံး စုစုပေါင်းအိမ်ခြေ ၃၆၃ လုံးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၃၄၅ ဒသမ ၃၀၀၊ မင်းတပ်မြို့နယ်တွင် ပြိုကျပျက်စီးသောအိမ် ၃၆ လုံး၊ ပြင်ဆင်ပြောင်းရွှေ့ရန်လိုအပ်သော နေအိမ် ၈၇ လုံး စုစုပေါင်းအိမ်ခြေ ၁၂၃ လုံးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၈၆ ဒသမ ၇၀၀၊ ကန်ပက်လက်မြို့နယ်တွင် ပြိုကျပျက်စီးသောအိမ် ၃၀၊ ပြင်ဆင်ပြောင်းရွှေ့ရန်လိုအပ်သော နေအိမ် ကိုးလုံး စုစုပေါင်းအိမ်ခြေ ၃၉ လုံးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး သန်း ၄၀ ဒသမ ၅၀၀၊ မတူပီမြို့နယ်တွင် ပြင်ဆင်ပြောင်းရွှေ့ ရန်လိုအပ်သော နေအိမ် ၄၁ လုံးနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၂၀ ဒသမ ၅၀၀၊ ပလက်ဝမြို့နယ်တွင် ပြိုကျပျက်စီးသော နေအိမ် ၃၆၂ လုံး၊ ပြင်ဆင်ပြောင်းရွှေ့ရန်လိုအပ်သော နေအိမ် ၅၈၈ လုံး စုစုပေါင်းအိမ်ခြေ ၉၅၀ နှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၇၂၈ ဒသမ ၄၀၀ ဖြစ်ကြောင်း သိရသည်။

"ဟားခါးကတော့ ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ပါတယ်။ ပလက်ဝမြို့နယ်မှာက အိမ်ခြေပျက်စီးမှုများပေမယ့် အိမ်အသေးလေးတွေ များပါတယ်။ ဟားခါးကတော့ အိမ်ကြီးအိမ်ကောင်းတွေ အများကြီးပါဝင်လို့ ဆုံးရှုံးမှုတန်ဖိုးအများဆုံးဖြစ်တာပါ။ တချို့အိမ်တွေက မပြိုကျပေမယ့် မြေသားခိုင်ခံ့မှု မရှိတော့တဲ့အတွက် ပြောင်းရွှေ့ဖို့လိုအပ်တာပါ။ ဟားခါးမြို့ပေါ် ရပ်ကွက်တွေကို နေရာပြောင်းရွှေ့ချထားပေးမှာပါ။ ဘူမိဗေဒအဖွဲ့ရဲ့အစီရင်ခံစာမထွက်သေးတဲ့အတွက် အဲဒီလေ့လာချက်အပေါ် မူတည်ပြီး မြေသားခိုင်မာပြီး ဒေသခံတွေ ပြောင်းရွှေ့လိုတဲ့နေရာကို ရွှေ့ပြောင်းပေးမှာဖြစ်ပါတယ်။ လိုအပ်တဲ့ အိမ်ဆောက်ပေးတာ ဆောက်လုပ်ရေးပစ္စည်းတွေ ပံ့ပိုးပေးတာတွေ နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးဖို့ရှိပါတယ်။ မြို့နယ်အလိုက် ပြောင်းရွှေ့ဖို့လိုအပ်တဲ့ နေအိမ်တွေ၊ ရွာတွေကို ပြောင်းရွှေ့ပေးဖို့ မြေနေရာသတ်မှတ်လျာထားပြီးပါပြီ။ ဒေသခံတွေပြောင်းရွှေ့လိုတဲ့ နေရာဖြစ်ပြီး ရေရရှိမှု၊ မြေသားခိုင်မာမှု၊ နေထိုင်ဖို့ သင့်တော်တဲ့နေရာတွေကို ရွှေ့ပြောင်းပေးမှာပါ။ တချို့ရွာတွေကလည်း မြို့ပေါ်မှာနေချင်တဲ့အတွက် မြေနေရာအကွက်ရိုက်စီစဉ်ပေးမှာပါ"ဟု ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်အတွင်း ခရိုင်သုံးခု၊ မြို့နယ် ကိုးမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် အိမ်ခြေပေါင်း ၂၉၂၅ လုံး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၂၉၅၆ ဒသမ ၁၁၀၊ ကျောင်းပေါင်း ၆၆ လုံး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၁၅၆၅ ဒသမ ၃၀၀၊ ဘာသာရေးအဆောက်အအုံ ၃၇ လုံး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၁၂၅၀ ဒသမ ၁၈၀၊ ဌာနပိုင်အဆောက်အအုံ/ဝန်ထမ်းအိမ်ရာ ၇၂ လုံး၊ ဆုံးရှုံးမှုတန်ဖိုး သန်း ၃၆၆ ဒသမ ၈၄၅၊ တံတားအစင်းပေါင်း ၂၈၉ စင်း ဆုံးရှုံးမှုတန်ဖိုး သန်း ၈၈၃၂ ဒသမ ၉၄၅၊ လမ်းပေါင်း ၂၄၉ လမ်းနှင့် ဆုံးရှုံးမှုတန်ဖိုး သန်း ၉၈၆၃ ဒသမ ၃၉၃၊ ဆည် ၁၀ ခုနှင့် ဆုံးရှုံးမှုတန်ဖိုး သန်း ၂၄၆ ဒသမ ၁၀၀၊ ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေဧက ၇၈၆၇ ဧကနှင့် ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၃၀၁၂ ဒသမ ၆၉၀၊ စုစုပေါင်း ပြည်နယ်အတွင်း ခန့်မှန်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၈၀၉၃ သမ ၅၆၃ သန်းထိရှိခဲ့ကြောင်း ပြည်နယ်အစိုးရ၏ စက်တင်ဘာလ ၆ ရက်နေ့ စာရင်းများအရ သိရသည်။ **(ဆုနှင်းလှဲ့)**



**မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ်မြင့်တက်မှုကြောင့် ချင်းတွင်းတာတောင်ပိုင်း တာပေါင်မကျိုးပေါက်စေရေး မုံရွာမြို့ အမှတ်(၂၈) ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ မြေသယ်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။**

ဓာတ်ပုံ-ဖိုးချမ်း(မုံရွာ) (သတင်း-ကျောဖုံး)

## ပြည်တွင်းရေးရာ

## နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တစာရိန္ဒ ပျံလွန်တော်မူ

**ရန်ကုန် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဥသျှစ်ကျောင်းတိုက်ကြီး ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစာရိန္ဒသည် သက်တော် (၉၈)နှစ်၊ သိက္ခာတော် (၇၈)ဝါအရ ၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်[စက်တင်ဘာ ၆ ရက်(တနင်္ဂနွေနေ့)] ည ၁၀ နာရီ ၁၀မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ဒေသစာရီကြွချီပူဇော်ခံမည်

**ညောင်ရွှေ စက်တင်ဘာ ၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ် လေးဆူသည် ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်(အောက်တိုဘာ ၁၄ ရက်)မှစ၍ အင်းလေးဒေသ ၂၀ ဌာနသို့ ဒေသစာရီ ကြွချီပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ညောင်ရွှေမြို့သို့ အောက်တိုဘာ ၂၀ ရက်တွင် ရောက်ရှိတော်မူမည်ဖြစ်ပြီး အောက်တိုဘာ ၂၂ ရက်ထိ ကိန်းဝပ်စံပယ် ပူဇော်ခံမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ အောက်တိုဘာ ၃၁ ရက်တွင် အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ကြီးသို့ ပြန်လည်ကြွမြန်း ကိန်းဝပ်မည်ဖြစ်ကြောင်း ဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

**(နေမျိုးသူရိန်)**



❋ **ရေဘေးမှ**

မိုးယံဇွန်၊ ပြေတီဦး၊ သူထူးစံ၊ ဝင်းထွန်းထွန်း၊ ဝိုင်း၊ နေမင်း၊ ကျော်ဇောလင်း၊ ကိုပေါက်၊ ဇာနည်၊ စူးရှ၊ နေဒွေး၊ ဂီတ+လက်ရွေးစင်အသင်းတွင် မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်သည့် သန်းထိုက်၊ သန်းဝေ၊ တင်မောင်ထွန်း၊ မြင့်ကို၊ ယဉ်မင်းအောင်၊ ဂီတ အနုပညာရှင်များဖြစ်သည့် လင်းလင်း၊ Rဇာနည်၊ စောဖိုးခွား၊ Lလွန်းဝါ၊ ဟက်ကက်၊ နန္ဒစိုင်း၊ ဟန်ထွန်း၊ ဂျီလတ်၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ဝီလျှံ၊ ယုန်လေးစသည့် ကစားသမားများပါဝင်ခဲ့သည်။ ယင်းခြေစမ်းပွဲတွင် သုံးဂိုးစီ သရေကျခဲ့ပြီး ဂီတ+လက်ရွေးစင်ဟောင်းအသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် စောဖိုးခွား၊ ၁၈ မိနစ်တွင် ဟက်ကက်၊ ၃၅ မိနစ်တွင် ဇော်လင်းထွန်းတို့က သွင်းယူခဲ့ကာ ရုပ်ရှင်+လက်ရွေးစင်အသင်းအတွက် ဂိုးများကို ၂၃ မိနစ်တွင် ဝင်းအောင်၊ ၂၇၊ ၃၉ မိနစ်တွင် မိုးယံဇွန်တို့က သွင်းယူခဲ့သည်။ ယင်းပွဲစဉ်အပြီးတွင် အနုပညာရှင်များ၊ ဘောလုံးပရိသတ်များပါဝင်သည့် ဂိမ်းအစီအစဉ်များ ထည့်သွင်းကျင်းပသည်။

**မြန်မာ့လက်ရွေးစင် - တစ်ဂိုး**
**နယူးဇီလန်လက်ရွေးစင် - တစ်ဂိုး**

စက်တင်ဘာ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကူဝိတ်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် စံချိန်တင်ဂိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည့် မြန်မာအသင်းမှာ ယခုပွဲတွင် နယူးဇီလန်အသင်းကို သရေကစားနိုင်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ်မှာ ခံစစ်ပိုင်းကိုအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဒုတိယပိုင်းတွင်ကစားပုံပိုမိုကောင်းမွန်ကာ သမုဒ္ဒရာပိုင်းဇုန်ထိပ်သီးအသင်းဖြစ်သည့် နယူးဇီလန်အသင်းကို သရေကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ကူဝိတ်အသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းမှ နောက်ခံလူလေးဦးစလုံးနှင့် ဂိုးသမားနေရာတို့ကို အပြောင်းအလဲလုပ်ခဲ့ပြီး ဂိုး- မျိုးမင်းလတ်၊ နောက်တန်း- ကျော်ဇင်လွင်၊ ဇော်လင်း၊ ဖြိုးကိုကိုသိန်း၊ နန္ဒကျော်၊ အလယ်တန်း- ရန်အောင်ကျော်၊ ကျော်မင်းဦး၊ နေလင်းထွန်း၊ သီဟဇော်၊ ရှေ့တန်း- အောင်သူ၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ နယူးဇီလန်အသင်းမှာလည်း ဝက်စ်ဟမ်း၊ နောက်ခံလူ ဝင်စတန်ရိဒ် အပါအဝင် လူစုံအသုံးပြုခဲ့သည်။



မြန်မာနှင့် နယူးဇီလန်တို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

ပထမပိုင်းတွင် နယူးဇီလန်အသင်းက ပို၍ဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာ တိုက်စစ်၌ ဘောလုံးအပျက်များနေ၍ အခွင့်အရေးသိပ်မရခဲ့ပေ။ နယူးဇီလန်အသင်းမှာ ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့ပြီး အပိုင်ဂိုးသွင်းခွင့်များကို ဂိုးသမား မျိုးမင်းလတ်နှင့် နောက်ခံလူ နန္ဒကျော်တို့ ဖြတ်ထုတ်နိုင်ခဲ့သည်။ ၃၆ မိနစ်တွင် မြန်မာအသင်းဂိုးရနိုင်သည့် အပိုင်အခွင့်အရေးရခဲ့သော်လည်း ကျော်ကိုကို အသုံးမချနိုင်ခဲ့ပေ။ ၄၂ မိနစ်တွင် နယူးဇီလန်အသင်း ပယ်နယ်တီရပြီး ရှိန်းအက်ဝပ်က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက သန်းပိုင်၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ ကြည်လင်း၊ ဇော်ရဲထွန်းတို့ကို ထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာအသင်းကစားပုံမှာ ပထမပိုင်းထက် ကစားပုံပိုကောင်းလာသည်။ ၆၅ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး သီဟဇော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ နယူးဇီလန်အသင်းမှာလည်း ဂိုးထပ်မံရရှိရန်အတွက် တိုက်စစ်အားမြှင့်ခဲ့ပြီး မြန်မာနောက်ခံလူများနှင့် ဂိုးသမား မျိုးမင်းလတ်တို့ အများအယွင်းမရှိ ကာကွယ်နိုင်ခဲ့သည်။ ရန်ပုံငွေပွဲဖြစ်သောကြောင့် မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက် လာရောက်အားပေးခဲ့ပြီး ပရိသတ်ဦးရေ ၂၀၀၀၀ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ယခုပွဲမှ ကွင်းဝင်ကြေး ကျပ်သိန်း ၃၉၀ ရရှိခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အလှူရှင်များမှ လှူဒါန်းငွေအပါအဝင် စုစုပေါင်းငွေကျပ် ၁၅၉၆၅၇၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

## စက်တင်ဘာ ၇ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၀၀၀ မှ ၅၀၅၀၀ |
| ၂ | ဧယာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၈၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၀၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၂၀ မှ ၂၃၆၅ |
| ၉ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၇၅ မှ ၁၈၆၀ |
| ၁၀ | ပြောင်းဆန် | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၂၅ |
| ၁၁ | ဗိုလ်ကိတ်(ပဲ) | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၆၅ မှ ၁၂၅၀ |
| ၁၂ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၅၀၀၀ မှ ၁၂၂၀၀၀ |
| ၁၃ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၂၅ မှ ၁၁၀၀ |
| ၁၄ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၂၅ မှ ၂၅၇၅ |
| ၁၅ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၅၀ မှ ၃၀၅၀ |
| ၁၆ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၀ မှ ၆၈၀ |
| ၁၇ | ဖရဲသီး | ၈၅၅ | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၇၀၀ မှ ၂၅၀၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့**(AMIT)**မှ ပေးပို့သည်။** | | | | |

## မီးသတိပြု

## အပူရှိန်လွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်

**ခရမ်း စက်တင်ဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၁) ရပ်ကွက် အိမ်အမှတ် (၃၇) ဦးသိန်းထွန်း၏နေအိမ်တွင် အိမ်ရှင်မိသားစုမရှိခိုက် မီးအားမြင့်စက် အပူရှိန်လွန်ကဲမှုကြောင့် ယနေ့ ညနေ ၃ နာရီခွဲက မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ခုနစ်ဦး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အိမ်ရှင်ဦးသိန်းထွန်း၏ နှစ်ထပ်အုပ်ညှပ် သွပ်မိုး အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အနီးဝန်းကျင်သို့ မီးကူးစက်မှုမရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## တူမီးလုပ်သေနတ်များ အပ်နှံ

**ရေး စက်တင်ဘာ ၇**

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၂၉ ရက် ညနေ ၅ နာရီက တူမီးလုပ်သေနတ် ၁၁ လက်အား ဦးတင်ဆန်း ရာအိမ်မှူးနှင့် ဦးစိန်ပေါ် ပြည်သူ့စစ်ခေါင်းဆောင်တို့အဖွဲ့မှ စုစည်း၍ အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရေးမြို့ရဲစခန်းမှူး ဒုရဲမှူးမင်းဆွေနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးတို့ထံပေးအပ်ခဲ့ကြောင်း သိရသည်။ **(ထွန်းထွန်း)**





# တစ်ကျော့ပြန်လက်တွဲနေကြတဲ့ အမ်မာရောဘတ်စ်နဲ့ အီဗန်ပီတာ

ပြီးခဲ့သည့်နွေရာသီအစက လမ်းခွဲထားကြသည့် အမ်မာရောဘတ်စ်နှင့် အီဗန်ပီတာတို့နှစ်ဦးသည် တစ်ကျော့ပြန်ဇာတ်လမ်း ပြန်လည်စတင်ခဲ့ပြီဟု အီးအွန်လိုင်းသတင်းဌာနက ဖော်ပြသည်။ သူတို့နှစ်ဦးသည် စက်တင်ဘာ ၆ ရက်က လော့စ်အိန်ဂျလိစ်မြို့တွင် လည်ပတ်ခဲ့ကြပြီး လက်ချင်းချိတ်ကာ လူမြင်ကွင်းထဲသို့ ထွက်လာခဲ့သည့် ပုံရိပ်များကို ယင်းသတင်းဌာနက ဓာတ်ပုံနှင့်တကွ ဖော်ပြသည်။

နီးစပ်သူအသိုင်းအဝိုင်းကမူ "သူတို့နှစ်ယောက်က သုံးနှစ်နီးပါးလောက်လက်တွဲလာကြတော့ မမေ့နိုင်တဲ့အတိတ်တွေရှိသလို ဘာပဲလုပ်လုပ် တစ်ယောက်ကို တစ်ယောက်သတိရနေတတ်တယ်။ သူတို့တစ်ယောက်ကိုတစ်ယောက် လက်တွဲဖြုတ်ပြီးနောက်ပိုင်းလည်း မိတ်ဆွေတွေအနေနဲ့ဆက်ရှိနေခဲ့တယ်။ ဒါပေမယ့် ဒီလိုလမ်းခွဲခဲ့ပြီးနောက်မှာ ဘယ်သူ့ကိုမှ ထပ်ပြီးအစားမထိုးနိုင်ခဲ့ကြတော့ နောက်ဆုံးတော့ ပြန်ပြီးလက်တွဲလိုက်ကြတာပါ" ဟု သတင်းပေးခဲ့သည်။

အသက်(၂၄)နှစ်ရှိ ရောဘတ်စ်နှင့် အသက်(၂၈)နှစ်ရှိပီတာတို့နှစ်ဦးသည် ၂၀၁၂ခုနှစ်တွင် Adult World ဇာတ်ကာရိုက်ကူးရင်း တွေ့ဆုံခဲ့ပြီးနောက် လက်တွဲခဲ့ကြခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၃ ခရစ္စမတ်ကာလတွင် စေ့စပ်ခဲ့ကြသော်လည်း သဘောထားခြင်းမတိုက်ဆိုင်ဟူသော အကြောင်းပြချက်ဖြင့် လမ်းခွဲခဲ့ကြခြင်းဖြစ်သည်။

ယုယ- စုစည်းသည်။

## မိုင်လေဆိုင်းရပ်စ်အပေါ်ထားရှိတဲ့ လီယမ်ဟမ်းဝေ့ါစ်ရဲ့ သဘောထား

မိုင်လေဆိုင်းရပ်စ်ရဲ့ ချစ်သူဟောင်းလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်ဟောင်းလည်း ဖြစ်ခဲ့သူ လီယမ်ဟမ်းဝေ့ါစ်က သူဟာ အခုအချိန်မှာ မိုင်လေဘေးမှာ ရပ်တည်ပေးနေတာက အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်အဖြစ်နဲ့သာ ရှိနေပေးတာဖြစ်တယ်လို့ ဖွင့်ဟလိုက်ပါတယ်။ မိုင်လေဟာ ပြီးခဲ့တဲ့နွေရာသီအစမှာ ပက်ထရစ်ရှာဝါဇင်ဂါနဲ့ လမ်းခွဲအပြီး စိတ်ဓာတ်တွေကျနေတာကြောင့်သာ မိုင်လေဘေးမှာ အချိန်အတော်ကြာရှိနေပေးခဲ့တာဖြစ်ပြီး အဲဒီကာလအတွင်း သူတို့နှစ်ဦးကြားမှာ မရိုးသားတဲ့ ဆက်ဆံရေးတစ်ခုတောင်စွန်းထင်းခဲ့ခြင်းမရှိဘူးလို့လည်း မီဒီယာတွေကို ပြောကြားခဲ့ပါတယ်။

"ကျွန်တော့်ဘက်ကတော့ မိုင်လေအပေါ် သူနဲ့လမ်းခွဲပြီးနောက်ပိုင်းကာလတွေကတည်းက အရင်းနှီးဆုံးမိတ်ဆွေအဖြစ်နဲ့ပဲနေပေးခဲ့တာပါ။ သူ့ဘက်ကလည်း ဒီလိုပါပဲ။သူက သူလုပ်ချင်တာကိုဇွတ်တရွတ်လုပ်တတ်တာကလွဲရင် ကျန်တဲ့ကိစ္စရပ်တွေမှာ အထီးကျန်ဆန်မှုတွေနဲ့ပဲ နေထိုင်နေရတဲ့ အမျိုးသမီးလေးပါ။ ဒါ့ကြောင့် သူလိုအပ်တဲ့အချိန်မှာ သူ့ဘေးမှာအကောင်းဆုံးမိတ်ဆွေအဖြစ်နဲ့ ကျွန်တော်ရပ်တည်ပေးနေတာပေါ့" လို့ လီယမ်က ပြောကြားခဲ့ပါတယ်။




## အသံဖန်တီးမှုကြောင့် ပိုမိုအသက်ဝင်လာရတဲ့ Frozen ကာတွန်းဇာတ်ကား

ဒစ္စနေရုပ်ရှင်မှ စီစဉ်တင်ဆက်လိုက်သည့် Frozenမှာ အခြားကာတွန်းဇာတ်ကားများထက် ပိုမိုသက်ဝင်လာရခြင်းမှာ အသံပိုင်းဆိုင်ရာ ဖန်တီးမှု စွမ်းအင်ကြောင့် ဖြစ်သည်ဟု အမ်တီဗွီသတင်းဌာနကဖော်ပြသည်။

Frozenဇာတ်ကားတွင် အသုံးပြုခဲ့သော နောက်ခံတေးဂီတ၊ အသံသရုပ်ဆောင်များနှင့် တေးသီချင်းများမှာ ယင်းဇာတ်ကား၏ ဇာတ်ကောင်များကို ပိုမိုအသက်ဝင်စေခဲ့ခြင်းဖြစ်သည်။

အင်ဒီနာမက်ဇယ်လ်သီဆိုပေးသော Let It Go တေးသီချင်း၏ အဓိကဇာတ်ကောင်များဖြစ်သော အက်စလာ၊ ခရစ္စတန်ဘဲလ်နှင့် အန်နာတို့အား သက်ရှိလူသားကဲ့သို့ ပရိသတ်များက ခံစားလာခဲ့ရခြင်းဖြစ်သည်။ Frozen ဇာတ်ကားကဲ့သို့ပင် Brave၊Tangle နှင့် Toy Story ဇာတ်ကားတို့မှာ ဇာတ်အိမ်ဖွဲ့စည်းမှုထက် အသံသရုပ်ဆောင်များ၏ ပီပြင်မှုကြောင့် ကမ္ဘာ့ကာတွန်းချစ်ပရိသတ်များ၏ အားပေးမှုကို အရရှိဆုံးဇာတ်ကားများအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။ ယင်းဇာတ်ကားများအနက်မှာ Toy Story တွင် ဝူဒီအဖြစ်သရုပ်ဆောင်ခဲ့သော တွမ်ဟန့်စ်မှာ အသံသရုပ်ဆောင်မှုတွင် အထူးချွန်ဆုံးဖြစ်သည်ဟုလည်း အမ်တီဗွီက ဆက်လက်ဖော်ပြသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၈ - ၉ -၂၀၁၅ (အင်္ဂါနေ့)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၅၅ မြန်မာသံစဉ် ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၉း၀၀ တည်ဆောက်ပြုပြင်မြို့တော် တစ်ခွင်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၅ သူတို့အကြောင်း
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂန္ထဝင်မြောက်အမုန်း" (အပိုင်း-၅၃)
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၃၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂျောင်းဒိုဂွန်း" (အပိုင်း-၂၅)
-မြဝတီရုပ်မြင်သံကြားသတင်း
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ဟာသရုပ်စုံ
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ခနတံတိုင်းရဲ့ တစ်ဖက်တစ်ချက်" (အပိုင်း-၁၂)

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်၊ မေတ္တာသုတ်
၅း၄၀ "ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်" (အပိုင်း-၆) တရားတော် [ဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်)]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၄၆)
၈း၄၅ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၇၈)
၁၁း၀၅ သွားမယ်စားမယ် (OHSAMA)
၁၁း၃၅ Forever Music Tribute မာရဇ္ဇ(အပိုင်း-၁) (ဒုတိယပိုင်း)
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၄၅)
၁၂း၃၅ စိတ်ကူးမှသည်အနုပညာဆီသို့ (Yangon Circle 2015 Photpgraphy Project)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း"(အပိုင်း-၃၃)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၄၇)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း"(အပိုင်း-၃၄)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၇၉)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၄၆)
၁း၀၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ဆယ်တော်မူစေတီတော်မြတ်ကြီး)
၁း၁၅ European Qualifiers England Vs Switzerland (LIVE)
၃း၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၄း၀၀ လက်ကမ်းသင့်လှပရဟိတ

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
၆း၀၅ "ပန်းပင်ကိုပျိုး . . . ပန်းမိုးရွာစေ" (အပိုင်း-၇)
၆း၂၅ တေးဂီတအစီအစဉ်
၆း၄၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (နှင်းဆီနေ့သစ်အငြိမ့်)
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၉)
၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၁၄)
၉း၄၀ ဟိုတုန်းက. . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "သံသရာသည် တစ်ကွေ့ဝယ်" (ဘလိတ်၊ စောယုနန္ဒာ၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
၁၀း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "အနားမရှိသောပင်လယ်" (သူထူးစံ၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်ဗေဒါ)

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ် ပြသပါမည်။**

### mitv

07:26 "Insight Myanmar - Women & Election
07:40 "Bago: A City Of Famous Historic Pagoda
08:27 "Myanmar Masterclass: Kyaw Phyu San
08:43 "Ruili City With Mon Yee
09:27 "Myanmar Performing Arts- Puppet
10:26 "Indian Footsteps
10:35 "Karaweik Palace- A Symbol Of Glorious Myanma Culture
10:49 "Farming: Duck Breeder
07:26 "A Day Out With Sarah (EP-2)
07:52 "One of the Useful Purposes of Bamboo
08:27 "Taste Of Myanmar (Glass Noodle Soup)
08:46 "Local Tour Guide: Pho Khant



# အာရှရှီယွမ်နှင့်ကမ္ဘာ့ရှီယွမ်ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပနိုင်ရေးစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၇**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ပထမအကြိမ် အာရှ ရှီယွမ် (Ssireum)ဖိတ်ခေါ်ပြိုင်ပွဲနှင့် (၅)ကြိမ်မြောက် ကမ္ဘာ့ရှီယွမ်ဖိတ်ခေါ်ပြိုင်ပွဲများကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ကမ္ဘာ့ရှီယွမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Myumg Sik Yoon အား ကျောက်စိမ်းခမ်း၌လက်ခံတွေ့ဆုံပြီး ပြိုင်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် အခမ်းအနားတွင် အစီအစဉ်အရ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် မြန်မာနိုင်ငံရှီယွမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်အောင်တို့က ပြိုင်ပွဲကျင်းပရေးဆိုင်ရာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ရှီယွမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Myung Sik Yoon က ကျေးဇူးတင်စကားပြောကြားပြီးနောက် အစည်းအဝေးသို့တက်ရောက်လာသော ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်သတင်းမီဒီယာများ သိရှိနိုင်ရန် ရှီယွမ်အားကစားနည်းယှဉ်ပြိုင်ပုံကို ဗီဒီယိုပြသခဲ့သည်။

ကမ္ဘာ့ရှီယွမ်အဖွဲ့ချုပ်၊ အာရှရှီယွမ်အဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံ ရှီယွမ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး အာရှအဆင့်ပြိုင်ပွဲနှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲ နှစ်မျိုးစလုံးတွင် မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ လက်ရွေးစင်ကစားသမားများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဆရီနာနှင့် ဗီးနပ်စ်တို့တွေ့ဆုံကြတော့မည့် အမေရိကန်အိုးပင်း



ဆရီနာဝီလျံအနေနဲ့ တင်းနစ်လောကမှာ တစ်နှစ်တာကာလအတွင်း ဂရင်းစလင်းဖလားလေးလုံးစလုံးကို သိမ်းပိုက်နိုင်တဲ့ စတုတ္ထမြောက် တင်းနစ်မယ်ဖြစ်ဖို့ဆိုရင် အရင်ဆုံးကွာတားဖိုင်နယ်ပွဲစဉ်မှာ အစ်မဖြစ်သူ ဗီးနပ်ဝီလျံကို ကျော်ဖြတ်ဖို့ ကြိုးပမ်းရမှာပါ။ ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် ဆရီနာဝီလျံက စက်တင်ဘာ၆ရက်မှာ ယှဉ်ပြိုင်ခဲ့တဲ့ အမေရိကန်အိုးပင်း စတုတ္ထအဆင့် ပွဲစဉ်မှာ အမေရိကန်ဆယ်ကျော်သက် တင်းနစ်မယ် ကီးစ်ကို ၆-၃၊ ၆-၃နဲ့နှစ်ပွဲပြတ်အနိုင်ယူပြီး ကွာတားဖိုင်နယ်ကိုတက်ရောက်လာနိုင်ခဲ့သလို ဗီးနပ်စ်ကလည်း ကွန်တာဗစ်ကို ၆-၂၊ ၆-၁နဲ့ အနိုင်ယူပြီး ဒီအဆင့်ကိုတက်ရောက်လာခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဝင်လ်ဘယ်လ်ဒန်အိုးပင်းစတုတ္ထအဆင့်မှာ သူတို့နှစ်ဦး ပြိုင်ဘက်တွေအဖြစ်ရင်ဆိုင်ခဲ့ရာမှာ ဆရီနာက ၆-၄၊ ၆-၃နဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။သူတို့နှစ်ဦးအနေနဲ့ ထိပ်တိုက်တွေ့ဆုံမှု စုစုပေါင်း (၂၆) ကြိမ်ရှိခဲ့ရာမှာ ဆရီနာက ၁၅ကြိမ်အနိုင်ရရှိခဲ့ပြီး ဗီးနပ်စ်က ၁၁ကြိမ်ပြန်လည်အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ထိပ်တိုက်တွေ့ဆုံမှုမှတ်တမ်းတွေအရ ဆရီနာက အသာရထားပေမယ့် ကွင်းထဲမှာ သူတို့နှစ်ဦး ပြိုင်ဘက်တွေ အဖြစ်ရင်ဆိုင်ကစားရာမှာ လက်ပြန်ရိုက်ချက်ကစားဟန်တွေ၊ ညာလက်အားပြုကစားပုံတွေဟာ တူညီလွန်းတာကြောင့် ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တိုင်းဟာ တကယ့်ကိုအကြိတ်အနယ်ရှိပြီး ရသအပြည့်ပေးစွမ်းနိုင်တဲ့ ပွဲတွေချည်း ဖြစ်ခဲ့ပါတယ်။

သူတို့နှစ်ဦးမှာ တူညီတဲ့အချက်တွေက ပရော်ဖက်ရှင်နယ်ပီသလွန်းတဲ့ စိတ်ဓာတ်ရှိကြသလို ကမ္ဘာ့အဆင့်(၁)နေရာကိုလည်း ရယူနိုင်ခဲ့ကြတဲ့ ဖြစ်ရပ်တွေပဲဖြစ်ပါတယ်။

ဒါ့အပြင် သူတို့နှစ်ဦးရဲ့ လက်ဦးဆရာတွေက သူတို့ရဲ့မိဘတွေဖြစ်တဲ့ ရစ်ချက်ဝီလျံနဲ့ ပရိုက်စ်တို့ ဖြစ်ခဲ့ကြတော့ ကစားပေါက်တူညီတယ်ဆိုတဲ့ ကိစ္စရပ်ဟာ မဆန်းပါဘူး။ ဒါပေမယ့်လည်း ဆရီနာကတော့ သူဟာ တစ်နှစ်အတွင်း ဂရင်းစလင်းအားလုံးရဲ့ ချန်ပီယံဖြစ်ဖို့ အားထုတ်မှာဖြစ်တာကြောင့် ဗီးနပ်စ်ကိုလည်း ကျော်ဖြတ်ဖို့ ကြိုးစားသွားမှာ ဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ ဆရီနာအနေနဲ့ ယခုအမေရိကန်အိုးပင်းမှာပါ ချန်ပီယံဆုကို ဆက်လက်ကာကွယ်နိုင်ရင် ၁၉၈၈ စတာဖီဂရာ့ဖ်ပြီးတဲ့နောက် တစ်နှစ်တာအတွင်း ဂရင်းစလင်းဖလားတွေအားလုံးကိုဆွတ်ခူးနိုင်တဲ့ စံချိန်ကို ရရှိမှာဖြစ်ပါတယ်။

ဆရီနာကတော့ ယခုအချိန်မှာ ကမ္ဘာ့အဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့သူဖြစ်သလို ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ပွဲစဉ်တွေမှာလည်း သူ့ရဲ့လက်စွမ်းကို ယှဉ်ပြိုင်နိုင်မယ့် တင်းနစ်မယ်ဆိုတာ ရှားပါးနေတဲ့အနေအထားပါပဲ။ ဒါ့ကြောင့် အခုပွဲမှာလည်း ဗီးနပ်စ်ကို အနိုင်ယူပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်မယ့် အလားအလာတွေဟာ ဆရီနာဘက်မှာသာ ပိုမိုအလေးသာနေတယ်လို့ ယူဆရင်း. . .

## ဂိုးသွင်းပြီးနိုင်ပွဲရယူပေးခဲ့သော်လည်း အဆိုးရွားဆုံးကစားသမားအဖြစ် ဟာဇက်ဝေဖန်ခံရ


စက်တင်ဘာ ၇ရက်ကယှဉ်ပြိုင်ကစားခဲ့သည့် ဘယ်လ်ဂျီယံအသင်းနှင့် ဆိုက်ပရက်စ်အသင်းတို့၏ ဥရောပဖလားခြေစစ်ပွဲ ပွဲစဉ်တွင် ဟာဇက်မှာ ဘယ်လ်ဂျီယံအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့သော်လည်း ယင်းပွဲစဉ်၏ ကစားပုံအဆိုးရွားဆုံးကစားသမားအဖြစ် ဘယ်လ်ဂျီယံနည်းပြ ဝေးလ်မော့စ်ဝေဖန်ခံခဲ့ရကြောင်း သိရသည်။

ဝေးလ်မော့စ်က ဟာဇက်၏ပွဲချိန် တစ်လျှောက်ကစားဟန်ကို ကြိုက်နှစ်သက်ခြင်းမရှိ၍ လူစားလဲရန် စဉ်းစားခဲ့သေးသော်လည်း ဟာဇက်မှာ ပွဲပြီးခါနီး ၁၀ မိနစ်အလိုတွင် အမြဲတစေခြေစွမ်းပြတတ်သော ကစားသမားဖြစ်သောကြောင့် ဆက်လက်ကစားစေခဲ့ခြင်းကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းပွဲစဉ်တွင် ဟာဇက်မှာ ပွဲချိန် ၈၆မိနစ်၌ မာတင်ဖြတ်တင်ပေးသော ဘောလုံးကို ပိတ်သွင်းကာ ဘယ်လ်ဂျီယံအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကိုသွင်းယူပေးခဲ့သလို ဘော့စနီးယားအား သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ယူခဲ့သော ပွဲစဉ်၌လည်း ၇၈မိနစ်၌ ပွဲသိမ်းအနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းနိုင်ပွဲကြောင့် ဘယ်လ်ဂျီယံမှာ ဥရောပဖလား ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း နည်းပြဝေးလ်မော့စ်ကမူ ဟာဇက်နှင့် ဘန်တီကီတို့နှစ်ဦးစလုံး၏ ခြေစွမ်းမှာ သာမန်ခြေစွမ်းအောက်ရောက်ရှိနေဆဲဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။ ဟာဇက်သည် ချယ်လ်ဆီးတွင်လည်း ခြေစွမ်းပိုင်းရှုန်းကန်နေရသလို နိုင်ငံအသင်းတွင်လည်း ခြေစွမ်းမပြနိုင်သေးပေ။

ဝေးလ်မော့စ်ကမူ ကစားသမားတစ်ဦးကို သွင်းဂိုးတစ်ဂိုးသွင်းယူပေးရုံဖြင့် အကောင်းဆုံးကစားသမားအဖြစ်မသတ်မှတ်နိုင်ကြောင်း၊ ထိုကစားသမား၏ တစ်ပွဲလုံးပေးဆပ်ကစားသည့် ကစားပုံကိုသာကြည့်၍ မှတ်ချက်ပေးရမည်ဖြစ်ကြောင်း၊ ဟာဇက်မှာ ယခုပွဲ၏ကစားပုံအဆိုးရွားဆုံးကစားသမားဖြစ်ကြောင်း၊ အော်ရယ်ဂျီနှင့် မာတင်တို့အား လူစားလဲကစားစေခဲ့သည့် သူ၏ဆုံးဖြတ်ချက်မှာ ဘယ်လ်ဂျီယံအသင်းနိုင်ပွဲ၏ အဓိကသော့ချက်ပင်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

**ရှိုင်ဟန်ဟောင် - စုစည်းသည်။**



## တူရကီကို ရှုံးနိမ့်ခဲ့ပြီးနောက် ဥရောပဖလားဝင်ခွင့်မျှော်လင့်ချက်မှေးမှိန်လာသည့် ဟော်လန်

ကမ္ဘာ့ဘောလုံးအင်အားကြီးအသင်းဖြစ်သော ဟော်လန်အသင်းမှာ အိမ်ကွင်း၌ကစားရသော ဥရောပဖလားခြေစစ်ပွဲတွင် တူရကီအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ဥရောပဖလားဝင်ခွင့်မျှော်လင့်ချက်လုံးဝနည်းပါးသွားခဲ့ပြီဖြစ်သည်။ ဟော်လန်အသင်းမှာ ဆယ်စုနှစ်သုံးစုကျော်အတွင်း ဥရောပဖလားမျှော်လင့်ချက်မဲ့သည့် အနေအထားသို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၌ ဟော်လန်နောက်ခံလူများမှာ တူရကီတောင်ပံတိုက်စစ်တိုက်စစ်မှူးအာဒါတူရန်အား မထိန်းချုပ်နိုင်ခဲ့သောကြောင့် ယင်းသို့ ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဟော်လန်သည် အုပ်စု(က)တွင် ရှစ်ပွဲကစားပြီးချိန်၌ ရမှတ်၁၀မှတ်သာရရှိပြီး အုပ်စုအဆင့်(၄)တွင်သာ ရပ်တည်နေရသည်။အုပ်စု(က)တွင်အိုက်စလန်နှင့် ချက်အသင်းတို့က ရမှတ်၁၉မှတ်စီဖြင့် ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သလို တူရကီမှာ ယခုနိုင်ပွဲကြောင့် ရမှတ် ၁၂မှတ်ဖြင့် တတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ဟော်လန်အနေဖြင့် အုပ်စုတတိယအသင်းအနေဖြင့် နောက်တစ်ကျော့ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် လက်ကျန်ပွဲစဉ်နှစ်ပွဲလုံး အနိုင်ကစားနိုင်လျှင်တောင် တူရကီအနေဖြင့်အနည်းဆုံးတစ်ပွဲရှုံးနိမ့်မှသာ ဖြစ်နိုင်သော အနေအထားသို့ ရောက်ရှိသွားခဲ့သည်။ ဟော်လန်မှာ လာမည့်အောက်တိုဘာလတွင် လက်ကျန်ပွဲစဉ်အဖြစ် ကာဇက်စတန်နှင့် ချက်အသင်းတို့အား အဝေးကွင်းတွင်သွားရောက်ရင်ဆိုင်ရမည်ဖြစ်သည်။ဟော်လန်သည် တူရကီအား သရေကစားနိုင်လျှင်ပင် အုပ်စုတတိယနေရာဖြင့် ထပ်ကျော့ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် အလားအလာကောင်းသွားမည်ဖြစ်သော်လည်း ကိုယ့်ကြမ္မာ ကိုယ်မဖန်တီးနိုင်ခဲ့ဘဲ. .

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအခွင့်အရေးကာကွယ်မှုဖြေရှင်းရေးအဖွဲ့ အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးကွက်များတွင် အမှတ်တံဆိပ်ပေါ်၌ မြေပဲဆီ၊ ပဲဆီဟုဖော်ပြပြီး မြေပဲဆီအမည်ခံဆီများကို ရောင်းချနေကြောင်း သိရှိရသဖြင့် ဈေးကွက်အတွင်းမှ နမူနာများရယူပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပေးပို့ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များမှာ စားသုံးဆီအရောများနှင့် စားအုန်းဆီများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည် -

(က) **စားသုံးဆီအရောများ**

| စဉ် | ကုန်အမှတ်တံဆိပ် | ထုတ်လုပ်သည့်လိပ်စာ |
|---|---|---|
| (၁) | ရွှေမိုးမြေပဲဆီ | ဖော်ပြမထားပါ |
| (၂) | Family မြေပဲဆီသန့် | ဖော်ပြမထားပါ |
| (၃) | စံထိပ်တန်းမြေပဲဆီ | ဖော်ပြမထားပါ |
| (၄) | ရွှေစင်အာမခံမြေပဲဆီ စစ်စစ် | ဖော်ပြမထားပါ |
| (၅) | စိန်သရဖူ မြေပဲဆီသန့် | ချိုသန္တာကုမ္ပဏီလီမိတက် ၅၂/၅ မေဖလားဝါးလမ်း၊ နဝဒေးအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |
| (၆) | Golden Apple (Special Cooking Oil) | အမှတ် (၁၀၈)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ရွှေပြည်သာစက်မှုဇုန် (၃)၊ ရန်ကုန်မြို့ စားအုန်းဆီများ |

(ခ) **စားအုန်းဆီများ**

| စဉ် | ကုန်အမှတ်တံဆိပ် | ထုတ်လုပ်သည့်လိပ်စာ |
|---|---|---|
| (၁) | တော်ဝင်နဒီ(Peanut Oil) | အမှတ်(၉၀၀)၊ ဗိုလ်ချုပ်လမ်းမကြီး၊ အဆင့်မြင့်(၅) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |
| (၂) | Lucky မြေပဲဆီ | ဖော်ပြမထားပါ |
| (၃) | SS မြေပဲဆီသန့် | ဖော်ပြမထားပါ |
| (၄) | Hi Plus မြေပဲဆီသန့် | ဖော်ပြမထားပါ |

၂။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များဖြင့် မြေပဲဆီ၊ ပဲဆီဟုဖော်ပြပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အသွေးတို့နှင့် ကိုက်ညီမှုမရှိသော မြေပဲဆီအမည်ခံရောင်းချနေမှုများ၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည်နှင့် လိပ်စာဖြန့်ဖြူးသူအမည်မပါဘဲ ကုန်သွယ်မှုပြုလုပ်နေခြင်းများကြောင့် စားသုံးသူပြည်သူများအနေဖြင့် အဘက်ဘက်မှ များစွာထိခိုက်နစ်နာမှုများဖြစ်နေသည့်အပြင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များကို ချိုးဖောက်နေခြင်းဖြစ်ပါ၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များသည် ထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်းအမည်၊ လိပ်စာ၊ ရောင်းချဖြန့်ဖြူးသူအမည်ဖော်ပြထားခြင်းမရှိသော သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းမပြုရန်နှင့် ယင်းအချက်အလက်များအပါအဝင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်ပါ တားမြစ်ချက်များကို ချိုးဖောက်သူများအား ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအခွင့်အရေးကာကွယ်မှု ဖြေရှင်းရေးအဖွဲ့**

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် မဲခေါင်စစ်ဆင်ရေး(၂) ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်က တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဟိုရမ်း(၂) ကျေးရွာနေ အိုက်ဆိုက်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို လည်းကောင်း၊ ကပ်ရှိန်၏ နေအိမ်ကိုရှာဖွေရာ နံရံတွင်ချိတ်ထားသည့် လွယ်အိတ်အတွင်း ကော်ဘူးဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ ကိုလည်းကောင်း၊ စိုင်းယီနှင့် မအီလူတို့၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ လယ်ပြင်ပူးပေါင်းစစ်ဆေးရေးစခန်းအနီးတွင် မြစ်ကြီးနားမှ ဖားကန့်သို့ လဆန်လောဒ်အောင်ဆိုင်းမောင်းနှင်ပြီး အမ်တူးတူးအောင်နှင့် မင်းနိုင်တို့ လိုက်ပါလာသည့်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

■

ဖခင်အမည်မှန်
အထက-ကျိုက်ကော်၊ ဒသမတန်း(B)မှ မထက်ထက်လွင်နှင့် အဌမတန်း(C)မှ မသဲဆုအောင်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော် (၁၀/သထန(နိုင်)၀၃၂၃၉၀)ဖြစ်ပါကြောင်း။
ဦးအောင်ကျော်

မျိုး ၂ 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လခချုပ် ကားမျိုးစုံ ငှားရန်ရှိသည်း ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

အာဘာဘိုးမင်းခေါင်ပွဲသို့ ရှေကြားစည် Sep 26,28,29 ထွက်မည်
▲ အာဘာထွက်ပွဲ၊ ပုပ္ပါး ညအိပ်။
▲ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (စွယ်တော်လေးဆူ)၊ ပခုက္ကူ။
▲ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့။
▲ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်ဆမ်းဂူ။
▲ ပြည်ဘုရားစုံ၊ အကောက်တောင်၊ ပေါင်းတည်စွယ်တော်ပွဲ(နေ့ချင်းပြန်)
ဖုန်းဆိုးတန်း ☎01-240860,01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်မှတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
76, ... 0973071901
... 02-31505 09 421746622, 01-216072

Congratulations

Our heartiest welcome and warmest congratulations
on the successful opening of

ICBC

Industrial and Commercial Bank of China

Yangon branch in Myanmar on 8th September 2015.

Wishing you further success and achievements in providing excellent banking services to benefit the dynamic economic development of Myanmar.

Chairman
and Board of Directors
KBZ BANK LTD.

# မီးရထားကုန်တွဲနှစ်တွဲပေါ်တင်ဆောင်ထားသည့် တရားမဝင်သစ် ၄၄ တန် ကျော် သိမ်းဆည်းရမိ

**စစ်ကိုင်း စက်တင်ဘာ ၇**

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများအဖွဲ့သည် မီးရထားကုန်တင်တွဲနှစ်တွဲပေါ် တင်ဆောင်ထားသည့် တရားမဝင်သစ်များကို စက်တင်ဘာ ၁ ရက်က စစ်ကိုင်းရွာထောင်ဘူတာ၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာသတင်းအရ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် သစ်တောဝန်ထမ်းများအဖွဲ့သည် စက်တင်ဘာ ၁ ရက်က ခန့်မှန်းမြေပုံအညွှန်း HV-076245 စစ်ကိုင်းရွာထောင်ဘူတာ၌ ရပ်တန့်ထားသည့် ဝန်းသိုမြို့မှသယ်ယူလာသော တရားမဝင်သစ်များတင်ဆောင်ထားရှိသည့် တွဲအမှတ် WBCHXV -14310 နှင့် WBCHXV -14332 တို့အား စစ်ဆေးဆောင်ရွက်ခဲ့ရာ မြန်မာ့မီးရထား ဝန်းသိုဘူတာရုံတန်ဆာနံပါတ် (4230575B) အရ သစ်ခွဲသားများတင်ဆောင်သူမှာ ဦးကံချွန်ဖြစ်ပြီး ဝန်းသိုမြို့နယ် သစ်တောဦးစီးဌာန၏ သစ်ခွဲသားများသယ်ယူခွင့်မျှောစာအမှတ် ၄၇/၂၁၆၄၀ ဖြင့် တွဲအမှတ် WBCHXV -14310 နှင့် တန်ဆာအမှတ် ၄၈/၂၁၆၄၀ ဖြင့် WBCHXV-14332 တို့ သယ်ယူလာခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပြီး ယင်းတန်ဆာပါ သစ်ခွဲသားသယ်ယူခွင့်မှာ ဝန်းသိုမြို့နယ် သစ်တောဦးစီးဌာန၏ မျှောစာအမှတ် ၄၇/၂၁၆၄၀သည် မြန်မာ့မီးရထားတွဲအမှတ် WBY-5558 ဖြင့် ဝန်းသိုမှ ရွာထောင်သို့ ပျဉ်းကတိုး၊ ကညင်၊ အင်ထင်းပကာ (၁၅ ဒသမ ဝဝ) တန်အား ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ အထိ သယ်ယူခွင့်ပြုထားသည့် မျှောစာအမှတ်ဖြစ်ကြောင်းနှင့် မျှောစာအမှတ် ၄၈/၂၁၆၄၀ သည် ဝန်းသိုမှ မန္တလေးမြို့သို့ ယာဉ်အမှတ် ၈ဈ/၆၇၈၃ ဖြင့် ကျွန်းသစ် ၁၆ လုံး၊ အင်ကြင်းခွဲသား ၁၀၅ ချောင်း၊ တယ်ခွဲသား ၁၉၇ ချောင်း၊ ပျဉ်းကတိုးသစ်သုံးလုံး၊ အင်တိုင်လေးလုံးတို့အား ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်ထိ သယ်ယူခွင့်ပြုထားသော မျှောစာအမှတ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ပါ၍ စစ်ဆေးတွေ့ရှိမှုအရ ရွာထောင်ဘူတာ၌ တွေ့ရသည့်တွဲအမှတ် WBCHXV -14310 နှင့် WBCHXV -14332 တို့နှင့် မြန်မာ့မီးရထား တန်ဆာအမှတ် 420575B နှင့် 420576B တို့အရ သယ်ယူလာသည့် ပျဉ်းကတိုး၊ သစ်ရာ၊ အင်ခွဲသား စုစုပေါင်း ၁၁၁၉ ချောင်းနှင့်ပတ်သက်၍တန်ဆာများပါ မျှောစာအမှတ်များသည် ဝန်းသိုမြို့နယ်သစ်တောဦးစီးဌာနမှ သစ်၊ ထင်းပကာသယ်ယူခွင့် မျှောစာအမှတ်များဖြစ်နေသဖြင့် မှန်ကန်မှုမရှိခြင်း၊ စက်တင်ဘာ ၂ ရက်ထိ ဝန်းသိုဘူတာရုံပိုင်သို့ ဆက်သွယ်၍ သစ်ခွဲသားများနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားပြေစာ၊ သယ်ယူခွင့်မျှောစာများ တင်ပြရန်အကြောင်းကြားခဲ့သော်လည်း တင်ပြလာနိုင်ခြင်းမရှိသဖြင့် ရွာထောင်ဘူတာရုံပိုင်၏ ခွင့်ပြုချက်အရ မီးရထားရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့်အတူ တရားမဝင်သစ်ခွဲသားများအား တွဲချတိုင်းတာစစ်ဆေးရာ ၄၄ ဒသမ ၆၉၉၂ တန်အား



ဖမ်းဆီးရမိခဲ့ပြီး ပိုးတန်းရပ်ကွက် မြို့နယ်သစ်တောရုံးတွင် သိမ်းဆည်းထားရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တွဲအမှတ် WBCHXV-14310 နှင့် WBCHXV-14332 တွင် တင်ဆောင်လာသည့် သစ်များမှာ တန်ဆာပါမျှောစာအမှတ်ကွဲလွဲပြီး ပြေစာအထောက်အထား၊ သယ်ယူခွင့်မျှောစာများ တင်ပြနိုင်ခြင်းမရှိသဖြင့် တရားမဝင်သစ်များတင်ဆောင်လာသည့် ဝန်းသိုဘူတာ တန်ဆာပါ တင်ပို့သူဦးကံချွန်အား ဥပဒေနှင့်အညီ အရေးယူမှုများဆောင်ရွက်ရန် စစ်ကိုင်းမြို့နယ်သစ်တောဦးစီးဌာနမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း ကာ စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

# ရွှေးကောက်ပွဲဆိုင်ရာ အသိပညာပေး( ဆင့်ပွား)သင်တန်း ပေါင်မြို့နယ်တွင် ဖွင့်လှစ်

**ပေါင် စက်တင်ဘာ ၇**

၂၀၁၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပေါင်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ(ဆင့်ပွား)သင်တန်းပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်ရေးတို့ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များဖြစ်သော ဦးချစ်ထွန်း၊ ဦးကြီးရွှေ၊ ဒေါ်စိုးစိုးအေး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဇာနည်စိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းက ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကဏ္ဍအလိုက် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မင်းတုန်းမြို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ဟောပြောပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မင်းတုန်း စက်တင်ဘာ ၇**

သရက်ခရိုင် မင်းတုန်းမြို့ အ. ထ. ကကျောင်း ရတနာခန်းမတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဟောပြောပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဒေါ်ဝါဝါထွေးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးအောင်နေလင်းတို့က လူကုန်ကူးမှုအသိပညာပေးဟောပြောခဲ့သည်။ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ထွန်းအောင်နှင့် မြို့နယ်ရဲမှူးတို့က အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **ကျော်ဇေယျ**


## အာရှကေရီဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
## Asian Empress Travels and Tours

ဗုဒ္ဓဂယာမြေမြတ်မဟာသို့ အထူးဈေးနှုန်းဖြင့် စတင်ပို့ဆောင်ပေးနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဗုဒ္ဓဂယာသို့ အချိန်မအားလပ်သောသူများနှင့် ရက်တိုတိုဖြင့် သက်တောင့်သက်သာ စိတ်အေးချမ်းမြေ့စွာ သွားရောက်ဖူးမြော်လိုသော မိဘပြည်သူများအတွက် ဟိုတယ်တည်း (သီးသန့်) (၇)ညအိပ် (၈)ရက်ခရီး (ဖွား၊ ပွင့်၊ ဟော၊ စံ)ဌာနအစုံအား လက်မလွတ်ရလေအောင် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြပါပြီ။

ခရီးစဉ်ထွက်မည့်ရက် - ၂၈-၁၀-၂၀၁၅ရက် (သီတင်းကျွတ်လပြည့်နေ့)


(သီတင်းကျွတ်လပြည့်နေ့ညတွင် မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်တွင် ဆီမီးပူဇော်၍ ကုသိုလ်ယူကြပါမည်။)

**ဆက်သွယ်ရန် -**

**အမှတ်(၇၄)၊ မြေညီထပ်၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

Ph: (01) 501712, (09)30382448-449, (09)260013261-262, (09)5025999






# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## သမိုင်းမော်ကွန်းတင်ရစ်စေချင်သည်နှင့် ဥပဒေပြင်ဆင်ရေးဆိုင်ရာ ဆောင်းပါးများ

အပိုင်း(၁)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်သည့် ဥပဒေကြမ်းများ နှိုင်းယှဉ်ချက်ဇယား၊ အပိုင်း (၂)တွင် ဥပဒေပြင်ဆင်ရေးဆိုင်ရာ ဆောင်းပါး ၁၃ ပုဒ်၊ အပိုင်း(၃)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှု အခြေအနေပြဇယားများနှင့် အပိုင်း(၄)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးနေမှု မှတ်တမ်းဓာတ်ပုံများကို ဖော်ပြထားသည်။

စာရေးသူပြည်ချစ်သား၏ မဏ္ဍိုင်ကြီးများ ဟန်ချက်ညီ၍ ကြံ့ခိုင်စေချင်သည် (၁)တွင် "ရွေးကောက်ပွဲများတွင် လူတော်လူကောင်းတို့ကိုသာ ရွေးချယ်နိုင်ဖို့ ပြည်သူတို့က တိုင်းပြည်အပေါ်တွင် သစ္စာရှိသူနှင့် သစ္စာမဲ့သူ၊ ပြည်သူ့ဝန်ထမ်းစိတ်ရှိသော နိုင်ငံရေးသမားနှင့် ကိုယ်ကျိုးရှာသက်သက် နိုင်ငံရေးသမားတို့ကို ခွဲခြားတတ်ဖို့လိုသည်" ဟု ဖော်ပြထားရာတာဝန်သိပြည်သူတို့သည် ဒီမိုကရေစီနိုင်ငံ၌အဓိကမဏ္ဍိုင်ကြီး ဖြစ်ကြောင်း မီးမောင်းထိုးဖော်ပြထားသည်။

စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းပုံနှိပ်တိုက် အမှတ် ၅၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း ရန်ကုန်မြို့မှ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၈၀၀ ဖြစ်သည်။



## ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သူတော်စင်ပုဂ္ဂိုလ်ထူးတို့၏အကျင့်မြတ်များ

စကြာကောင်းစံရေးသားသော ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သူတော်စင်ပုဂ္ဂိုလ်ထူးတို့၏ အကျင့်မြတ်များစာအုပ် ထွက်ရှိလာပါသည်။ ဤစာအုပ်လေးတွင် နတ်စက်ရောင်ဆရာတော်ကြီး၏ ဂြိုလ်ရှစ်ခွင်မေတ္တာကျင့်စဉ်၊ ဆုကြီးပန်ဝိဇ္ဇာကြီး၏ ပုတီးစိပ်နည်း၊ ကိုးနဝင်းမိုးလင်းမှသိမယ်၊ ကိုးဌာနပုတီးစိပ်နည်း၊ ကျေးဇူးတော်ရှင်ဆရာတော်ကြီးများနှင့် လောကီကို ကောလီချေနည်း၊ ကြီးလေးကြီးအဓိဋ္ဌာန်ဝင်နည်း၊ ကြီးကိုးကြီးနှင့် အဓိဋ္ဌာန်ဝင်နည်း၊ ရွှေတိဂုံစေတီတော်ကြီးနှင့် အောင်မော်စံဆရာတော်၊ လောကီလောကုတ္တရာနှစ်ဖြာအကျိုးအတွက် ရွှေတိဂုံစေတီတော်ကိုဖူးမြော်နည်း၊ ရွှေတိဂုံရင်ပြင်တော်တွင် သမ္ဗုဒ္ဓေပုတီးစိပ်နည်း အစရှိသော ရွှေတိဂုံစေတီတော်ကြီးတွင် ကျင့်ရမည့်ကျင့်စဉ်များ အထူးပါဝင်ပါသည်။

ဓမ္မလက်ဆောင်ပေးလိုသူများအတွက် အထူးသင့်တော်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားပါသည်။





## အောင်မြင်သူ Grammer (အသွင်တူဝါကျ တည်ဆောက်ခြင်း)

နေလင်းဝင်းရေးသားသော အထက်တန်းအဆင့်ကျောင်းသားများနှင့် တက္ကသိုလ်ပထမနှစ်ကျောင်းသားများအတွက် ရေးသားထားသော အောင်မြင်သူ Grammer (အသွင်တူဝါကျတည်ဆောက်ခြင်း)စာအုပ်ထွက် ရှိလာပါသည်။

ဤစာအုပ်လေးသည် အထက်တန်းကျောင်းသားများအတွက် စာမေးပွဲမေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် အထူးရေးသားထားခြင်းဖြစ်ပါသည်။ ဤစာအုပ်ကို ပြုစုရာတွင် ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာနမှ ထုတ်ဝေသော အင်္ဂလိပ်စာဂျာနယ်များရှိ လေ့ကျင့်ခန်းများကို လွယ်လင့်တကူလေ့လာနိုင်ရန်ပြုစုပေးထားပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲများတွင် မေးခဲ့သည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မေးခွန်းများကို အဓိကထား၍ထုတ်နုတ်ပေးထားပါသည်။ အင်္ဂလိပ်စာအောင်မှတ်ပြည့်ရန်အတွက်လည်းကောင်း၊ ဂုဏ်ထူးထွက်စေရန်အတွက်လည်းကောင်း၊ အထူးအရေးပါသော မေးခွန်းဖြစ်သည်ကို အလေးထားရပါမည်။ ဤစာအုပ်ကို ကျောင်းသားသုံးသာမက ဆရာကိုင်အဖြစ်နှင့်ပါအသုံးပြုနိုင်ပါလိမ့်မည်။ ဝီရိယကိုအရင်းပြု၍ မိမိတို့၏ပန်းတိုင်ဖြစ်သော ဂုဏ်ထူးမှတ်ရအောင်ကြိုးစားကြပါဟူ၍ တိုက်တွန်းထားပါသည်။

စာအုပ် ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့ ဖုန်း၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားပါသည်။



## ရွှေလိုတန်ဖိုးရှိတဲ့ခေါင်းဆောင်မှု

ခေါင်းဆောင်မှုပညာရပ်ဆိုသည်မှာ လူတိုင်းနှင့် ဆိုင်သည်။ မိမိဘဝကို အောင်မြင်အောင်ဦးဆောင် နိုင်မှ မိမိအိမ်ထောင်စု၊ မိမိကုမ္ပဏီ၊ မိမိအဖွဲ့အစည်း ထိုမှတစ်ဆင့် မိမိတိုင်းပြည်ကိုလည်း တိုးတက်အောင်မြင်အောင် ဦးဆောင်ပေးနိုင်မည်။ ဤစာအုပ်ပါ နည်းလမ်းများသည် စာရေးသူကိုယ်တိုင်လက်တွေ့ အသုံးချ အောင်မြင်ခဲ့သောနည်းများ ဖြစ်သည်။ ထို့ကြောင့် ခေါင်းဆောင်ဖြစ်လိုသူတိုင်း၊ ခေါင်းဆောင်မှုပညာ ရပ်ကိုလေ့လာလိုသူတိုင်းအတွက် ရွှေလိုတန်ဖိုးရှိသောနည်းများကို ဖော်ပြထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စာအုပ်ကို SMART စာပေ အမှတ်(၆၉)၊ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၅၇၆၅၃ သို့ မှာယူဝယ်ယူနိုင်သည်။


ဆိုင်းလိပ်စာပြောင်းရွှေ့ဖွင့်လှစ်ခြင်း
မိတ်ဟောင်း၊ မိတ်သစ်များ အသိပေး ဖိတ်ခေါ်အပ်ပါသည်။
MMA Trophy Co.,Ltd. Since-2005
MYO MIN AUNG
TROPHIES & PRO SHOP
ဆုတံဆိပ် အမျိုးမျိုးထုတ်လုပ် ဖြန့်ချိရေးလုပ်ငန်း (ပင်ရင်း)
အမှတ်(၅၇)ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ (ဗိုလ်ချုပ်ဈေးအနီး) ဒဂုံမြို့နယ်၊
ဖုန်း၊ ၀၁-၃၇၈ ၇၇၈၊ ၃၇၈ ၅၀၀၊ ၀၉ ၅၁၅ ၇၇၉၈၊ ၀၉ ၇၃၀၁ ၆၄၀၂၊ ၀၉ ၇၉ ၈၈၈၈၈ ၀၅



ဂုဏ်ရည် ® အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃
ဂုဏ်ရည်ဆေးတိုက်
ရ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။
ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊
အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"သူပုန်တွေနဲ့ သွားတွေ့ရင် ဘယ့်နှင့်လုပ်မလဲ"

တင်မောင်စိုးက ယုမောင်ကို ဆဲသည်။

"မင်းမလည်း. . အားရင်း သူပုန်တွေကိုပဲ အထင်ကြီးနေတယ်၊ မင့်အဖေ သူပုန်တွေက ကျွန်းကလေးမှာ ဟဝါစုတ်ပြီး ပြေးပြီး အေး. . . သူပုန်နဲ့ တွေ့တော့လည်း မင်းက ထိပ်ကနေ ထိုင်ရှိခိုးပြလိုက်ပေါ့. . . မဟုတ်ဘူးလား၊ မင့်အဘတွေကတော့ သိပ်အရှိခိုးခံချင်တဲ့ သေခြင်းဆိုးကောင်း သေခြင်းဆိုးမြတ်တွေနဲ့ တူပါတယ်"

ယုမောင်သည် ဒေါသတကြီးနှင့် နေရာမှ ထသည်။ သူသည် တုန်ယင်စွာနှင့် တင်မောင်စိုးကို ကြည့်ပြီး "---" ဟု တစ်လုံးတည်း ဆဲကာ ပြည်ကျောင်းဆောင်ဆီသို့ ထွက်သွား၏။

တင်မောင်စိုးသည် မိမိ နောက်ပြောင်လိုက်သည်ကို ဤမျှ ယုမောင်စိတ်ဆိုးသွားသည်အတွက် ရိုးသားစွာ နားမလည်။ ထာဝစဉ် စပ်ဖြဲဖြဲနိုင်သော မျက်နှာကြီးက စိတ်မချမ်းသာသောဟန်နှင့် ကျန်သောသူငယ်ချင်းများကို ကြည့်၏။

သက်ခိုင်က ယုမောင်သွားရာကို အံကြိတ်၍ ကြည့်နေ၏။ သူသည်လည်း ဒေါသထွက်နေ၏။ ဒေါသကို မထိန်းနိုင်ဘဲ နှုတ်မှလည်း ရေရွတ်နေ၏။

"တိရစ္ဆာန်ကောင်၊ သူ့ရဲဘော်ဖြူတွေကို သူ သိပ်အထင်ကြီးနေတယ်၊ အဲဒီအကောင်တွေနဲ့ပဲ သူသေမှာပဲ၊ နွားလိုပဲ. . . ပြောလို့ကို မရဘူး၊ အခုလည်းသူငယ်ချင်းချင်း ဆဲသွားတယ်လေ၊ တောက်. . . ငါ လိုက်ရိုက်လိုက်ရရင်. . ." စိတ်မဆိုးတတ်သော တင်မောင်စိုးသည် ဝင်တား၏။

"ဟေ့ကောင် သက်ခိုင်၊ သူ ဆဲသွားတာက ငါ့ကိုပဲ၊ မင်းက ကြားထဲက ဝင်စိတ်မတိုပါနဲ့"

"မဟုတ်ဘူး တင်မောင်စိုးရ၊ ဒီကောင် နည်းနည်းကို လွန်တယ်၊ ငါ ဂျပန်ခေတ်က ငါ့အဖေအမိန့်နဲ့ တပ်မတော်မူလကျောင်းမှာ စစ်ပညာ အသင့်အတင့်ရဖူးပါတယ်၊ တော်လှန်ရေးတုန်းကလည်း ငါ့အဆင့်နဲ့ငါ ပါဖူးပါတယ်၊ ဒီကောင်က ပြည်သူ့ရဲဘော်ဖွင့်မှဝင်၊ ဘယ်တောင်ပံတက်၊ ညာတောင်ပံတက်၊ လုံ့စွပ်တိုက်ပွဲစ. . ဆိုပြီး ဝါးလုံးနဲ့ ကျင့်ခဲ့ရတဲ့ စစ်ပညာ ခြောက်ပြားတစ်ပဲကို အဟုတ်ကြီး ထင်နေတယ်၊ အေး. . . သူ့လိုပဲ သူ့ရဲဘော်ဖြူတွေကလည်း သူတို့ကိုယ်သူတို့ သိပ်အထင်ကြီးနေတယ်၊ ရိုင်ဖယ်ပစ်လို့ မောင်းပြန်ကန်ပြီး ပခုံးကို ဒင်နဲ့ အဆောင့်ခံရတာကိုတောင် ကြောက်တဲ့ ငနဲတွေ"

အေးဝင်းက ခေါင်းကုတ်သည်။ တင်မောင်စိုးက ဆောင့်ကြောင့်ထိုင်မှိုင်၏။ မောင်ရှိန်ကသာ နေရာမှ ထသည်။

"မင်းတို့က စိတ်ကူးယဉ်တာ ပျက်အောင် သိပ်လုပ်တဲ့ကောင်တွေပဲ။ကဲ. . . အခု ကျည်ဆန်တွေ မလာတော့ဘူး၊ တို့ တယောလျှောက်တီးမယ်"

"အေး. . . လိုက်မယ်၊ ငါလည်း ငါ့တယောသွားယူဦးမယ်" ဟု ဆိုကာ သက်ခိုင်က ထွက်၏။ သူ့ကို တင်မောင်စိုးက ဆွဲထားသည်။

"မင်းမသွားနဲ့ကွာ၊ ဟေ့ကောင်. . အေးဝင်း၊ သက်ခိုင် တယောကို သွားယူ၊ နို့မို့ဖြင့်ရင် ဒီကောင်နှစ်ကောင် ထိုးနေကြိတ်နေဦးမယ်"

အေးဝင်းသည် ဘာမျှမပြောဘဲ ပြည်ကျောင်းဆောင်ဘက်သို့ ထွက်သွား၏။ အတန်ကြာသောအခါ သက်ခိုင်၏ တယောကို ယူ၍ပြန်လာသည်။

တင်မောင်စိုးက ပြည်ကျောင်းဆောင်အောက်ထပ်ရှိ ရေအိုးတစ်လုံးမှ ဒန်ရေခွက်တစ်လုံးပြေးယူ၏။ ကျောက်ခဲတစ်ခုကောက်ယူကာ ရေခွက်ကို ခေါက်ပြပြီး ဆို၏။

"အဲဒါ စည်းပဲ. . စည်းလိုက်လို့ရပြီ၊ သွားကြမယ်"

တယောနှစ်လက်နှင့်သူငယ်ချင်း လေးဦးသည် ပြည်ကျောင်းဆောင်မှ ထွက်လာခဲ့ကြ၏။

ထိုခေတ်. . ထိုညက အမျိုးသမီးကျောင်းဆောင်သူတို့သည် သေနတ်သံအစဲ၌ပေါ်လာသော တယောနှင့် သီချင်းသံစဉ်တို့ကို မည်သူတွေမှန်းသိလိမ့်ကြလိမ့်မည် မဟုတ်။

နောက်တစ်နေ့နံနက်စောစော၌ ထုံးစံအတိုင်းမပျက်မကွက်ဘဲ သက်ခိုင်နှင့် အေးဝင်းသည်ကျောင်းတက်ကြ၏။

မနေ့ညက ဘာမှမဖြစ်သည့်ဟန် ကျောင်းဘဲ(လ်)ကြီးက မှန်မှန်မြည်နေ၏။ ကျောင်းသူ ကျောင်းသားအများလည်း ကျောင်းတက်မပျက်ကြပါ။

မလေးနွယ်၏ သင်တန်းများနှင့်အချိန်စာရင်းကို သိပြီးပြီဖြစ်နေသော သက်ခိုင်က မလေးနွယ်ကို လိုက်ရှာသည်။ မတွေ့။

ညနေပိုင်း၌ သက်ခိုင်သည် ဝင်ဒါမီယာဘက်သို့ ကုန်းကြောင်းလျှောက်ခဲ့၏။

ပြည်ကျောင်းဆောင်မှ ဟံသာဝတီအဝိုင်းအထိ အချိန်မှန် အင်းစိန်ဘတ်(စ်)ကားကိုစီးလျှင် တစ်ပဲသာပေးရ၏။ ဤတစ်ပဲမျှသောငွေကို သက်ခိုင်မသုံးနိုင်။ အကြောင်းမှာ ပြည်မြို့သည် သူပုန်လက်တွင်းရှိနေသောကြောင့် အိမ်မှငွေမလာနိုင်သဖြင့် ကျောင်းဆောင်ကြွေးပင် တင်ကာ သက်ခိုင်၌ဘိုင်ပြတ်နေ၏ ။

မလေးနွယ်တို့၏ အိမ်သို့ရောက်သောအခါ အိမ်ရှေ့နံရံ၌ တပ်ထားသောလူခေါ်ဘဲ (လ်)ကို သက်ခိုင်ကနှိပ်လိုက်၏။

မမျှော်လင့်ဘဲ မလေးနွယ်ကိုယ်တိုင်တံခါးလာဖွင့်ပေး၏။

"ကြည့်စမ်း. . မောင်၊ မမနွယ် ထင်သားပဲ၊ မောင်တော့ လာမှာပဲလို့၊ လာ လာ. . မောင်၊ အထဲဝင်ခဲ့"

သက်ခိုင်သည် အိမ်တွင်းဝင်ထိုင်သည်။

မလေးနွယ်ကမေးသည်။

"မောင်. . ညကဘာဖြစ်တာလဲ၊ သေနတ်သံတွေတော့ ဆူသွားတာပဲ"

"ဘာဖြစ်တယ်ဆိုတာ မမနွယ်တကယ် မသိဘူးလား"

"သိတော့သိတာပေါ့၊ ဖေဖေက တယ်လီဖုန်းဆက်မေးတော့ ရဲမင်းကြီးက ဖြေတယ်၊ ဓားပြတိုက်တာတဲ့"

"ဓားပြသက်သက်မဟုတ်ပါဘူး မမနွယ်၊ အခုခေတ်ကဓားပြက သူပုန်လုပ်တယ်၊ သူပုန်ကလည်း ဓားပြလုပ်တယ်၊ အတူတူနဲ့ အနူနူတွေပဲ၊ သူပုန်နဲ့ ဓားပြခွဲလို့မရဘူး၊ ညကတိုက်သွားတာဟာလည်း သူပုန်ဓားပြတွေပဲ"

"ကျောင်းဝင်းထဲ ဘာမှမဖြစ်ဘူးလား"

"မောင်တို့ ကျောင်းဆောင်ကို ကျည်ဆန်တွေတော့လာမှန်တာပဲ"

"ဒီနေ့ ကျောင်းတက်သူတွေကောရှိသေးရဲ့လား" "ရှိပါတယ်၊ မောင်တောင် ကလပ်(စ်)တွေစေ့အောင် တက်ခဲ့သေးတယ်၊ ပြီးတော့ မမနွယ်ကို လိုက်ရှာလို့မတွေ့တာနဲ့ အိမ်လိုက်လာတာ"

"ဟုတ်တယ်. . သတင်းကအမျိုးမျိုးထွက်နေတာနဲ့၊ မမနွယ်ကြောက်ပြီး ကျောင်းမလာတာ၊ တကယ်ပဲ ကျောင်းတက်သူတွေရှိနေတယ်နော်"

တကယ်ပါ မမနွယ်၊ အဲ. . မိန်းကလေးကျောင်းဆောင်က ကျောင်းသူတွေ အချို့တော့ တော်တော်လန့်နေတယ်ကြားတာပဲ"

မလေးနွယ်၏ မျက်နှာလေးသည် ပူပန်စိုးရိမ်ဟန်ပြောင်းသွား၏။

"ဟင်. . ဒီလိုဆိုရင် ဒိုရာသင်းနဲ့ မလှသူတို့တော့ သိပ်လန့်နေကြမှာပဲ"

ဒိုရာသင်းနှင့်မလှသူတို့သည်မလေးနွယ်နှင့်အစဉ်တွဲသော သူငယ်ချင်းမနှစ်ဦးဖြစ်ကြောင်း သက်ခိုင်သိပြီးဖြစ်၏။ သူတို့သည် အင်းယားကျောင်းဆောင်သူများဖြစ်၍ မလေးနွယ်သည် အတန်းအားချိန်များတွင် သူတို့အခန်း၌ သွားနေတတ်၏။

မလေးနွယ်က တစ်စုံတစ်ခုကို စဉ်းစားမိဟန်နှင့်မေးသည်။

"မမနွယ်အကြံရပြီ၊ ဒါထက် မောင်ကားမောင်းတတ်သလား"

"ဟင့်အင်း. . . . မမောင်းတတ်ဘူး"

"အို. . . မမောင်းတတ်ဘူး။မမနွယ်တောင် မောင်းတတ်တယ်"

(ဆက်လက်ဖော်ပြပါမည်။)

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် ရုံးသုံးစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများ၊ ရုံးသုံးပစ္စည်းနှင့် ကျောင်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့် တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၉-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၈-၉-၂၀၁၅ ရက် ၁၂:၀၀ နာရီနောက်ဆုံးထား၍ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်တွင် တင်ဒါများတင်သွင်းရမည်။

၃။ ဝယ်ယူမည့် ပစ္စည်းအသေးစိတ်စာရင်းအား ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းတွင် ကြေညာထားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါ ဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

ဖုန်းနံပါတ်-၆၁၀၆၅၅၊ ၆၁၀၈၈၉

တင်ဒါခေါ်ယူရေးကော်မတီ

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်


Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်ဇေအောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| | | | |
|---|---|---|---|
| **Basic Spoken English** | | **Grammar Foundation Course** | |
| Mon to Thurs-10:00-12:00am | 14 Sep | Sat & Sun - 9:00-12:00am | 5 Sep |
| Mon to Thurs-1:00-3:00pm | 14 Sep | Mon to Thurs - 1:00-2:30 pm | 14 Sep |
| Sat & Sun - 9:00-12:00 am | 19 Sep | Mon to Thurs - 3:30-5:00 pm | 14 Sep |
| Sat & Sun - 12:30-3:30 pm | 19 Sep | **Structure & Written Expression** | |
| Mon to Thurs-7:30-9:30 am | 21 Sep | Sat & Sun - 3:30-6:30pm | 12 Sep |
| Mon to Thurs-1:00-3:00pm | 21 Sep | Mon to Thurs - 1:00-3:00 pm | 14 Sep |
| MontoThurs 3:00-5:00-7:00pm | 21 Sep | Sat & Sun - 9:00-12:00am | 26 Sep |
| **Pre-Intermediate English** | | Sat & Sun - 12:30-3:30 pm | 10 Oct |
| Mon to Thurs-5:00-7:00 pm | 7 Sep | **Academic Preparation for IELTS** | |
| Mon to Thurs-7:30-9:30 am | 21 Sep | Mon to Thurs - 10:30 - 12:30am | 21 Sep |
| Mon to Thurs-10:00-12:00 am | 21 Sep | SAT Mon to Thurs -3:30-5:00pm | 21 Sep |
| **Basic Writing Course** | | IELTS(Foundation) Mon&Thurs 5:30to7:00pm | 21 Sep |
| Mon to Thurs - 3:00-4:30 pm | 28 Sep | IELTS(Test Practice) Sat&Sun 10:30to12:30am | 19 Sep |
| **Vocabulary Enrichment Course** | | IELTS(Speaking) Sat&Sun 1:00to3:30pm | 19 Sep |
| | | **Academic Writing Course** | |
| Mon to Thurs - 3:30-5:00 pm | 21 Sep | San & Sun - 5:00 - 7:00 pm | 19 Sep |

No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910



## တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၇**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်နှင့် ဝေါလ်ဗီရှင် (မြန်မာ) တာချီလိတ်တို့ပူးပေါင်း၍ 'လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့' ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများကို တာချီလိတ်ခရိုင် တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲအား အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း စုစုပေါင်းကျောင်း ၂၁ ကျောင်းမှ ကျောင်းသား ၉၁ ဦး၊ ကျောင်းသူ ၉၄ ဦး စုစုပေါင်း ၁၈၅ ဦး ပါဝင်ယှဉ်ပြိုင်ပြီး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ယာယီရဲမှူး ရင်ရင်အေးနှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းစိုးနှင့် ဆရာ၊ ဆရာမများ၊ ဝေါလ်ဗီရှင် (မြန်မာ) တာချီလိတ်မှ ညှိနှိုင်းရေးမှူး ဦးပီတာဖိုးနှင့် မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများက ပူးပေါင်းစီစဉ် ကြီးကြပ်ပေးခဲ့သည်။

အဆိုပါပြိုင်ပွဲများမှ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာ ၆ ရက်တွင် ကျင်းပသည့် အထိမ်းအမှတ်အခမ်းအနားတွင် ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မြစ်ရေမြင့်တက်လာ၍ ခရီးစဉ်များ ဒုတိယအကြိမ် ရပ်နားထားရ

**မုံရွာ စက်တင်ဘာ ၇**

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏စိုးရိမ်ရေအမှတ်သို့ ဒုတိယအကြိမ်မြောက် ရောက်ရှိလျက်ရှိရာ ခရီးသွားပြည်သူများ၊ ကုန်စည်များသွားလာစီးဆင်းမှုတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီက စက်တင်ဘာ ၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ကုန်တင်ရေယာဉ်များ၊ လူစီးအမြန်ရေယာဉ်များ ခရီးစဉ်ပြေးဆွဲခြင်းကို ရပ်နားထားကြောင်း သိရသည်။

ချင်းတွင်းအထက်ပိုင်းဒေသများဖြစ်သော ဟုမ္မလင်းမြို့၊ ခန္တီးမြို့နှင့် မော်လိုက်မြို့တွင် မြို့အတွင်းသို့ မြစ်ရေများဝင်ရောက်သဖြင့် သင်္ဘောများဆိုက်ကပ်ရန် အခက်အခဲများဖြစ်နေသည့်အပြင် မုံရွာမြို့တွင် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက မြစ်ရေအမှတ် ၉၆၀ စင်တီမီတာ အထက်သို့ ရောက်ရှိလျက်ရှိသဖြင့် ရေယာဉ်များပြေးဆွဲခြင်းကို ခေတ္တပိတ်ထားခြင်းဖြစ်သည်။

"ရေယာဉ်တွေကို ခေတ္တပိတ်တာ ဒုတိယအကြိမ်ပါ။ ပထမအကြိမ်က ပြီးခဲ့တဲ့လဆန်းပိုင်း ၉ ရက်လောက် နားလိုက်ရတယ်။ အခုလည်း အထက်ပိုင်းမြို့တွေမှာ ချင်းတွင်းမြစ်ရေက စိုးရိမ်ရေအမှတ်ကို ကျော်နေတော့ သင်္ဘောဆိုက်ကပ်ဖို့ အခက်အခဲရှိတာရယ်၊ လမ်းခရီးမှာ အန္တရာယ်မဖြစ်စေရေးအတွက် သုံးရက်နားလိုက်တာပါ။ အထက်ပိုင်းတွေမှာ ရေပြန်ကျသွားရင်တော့ ပြန်ဖွင့်ပေးသွားမှာပါ၊ အခုနှစ်မှာက ချင်းတွင်းမြစ်ရေက



စံချိန်တင်ရေတိုးခဲ့တဲ့အပြင် အခုလည်း နောက်ထပ်တစ်ကြိမ် ရေပြန်တက်လာတာပါ" ဟု မြို့နယ်ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ချင်းတွင်းမြစ်အတွင်းတွင် မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ကုန်တင်အမြန်ရေယာဉ်နှင့် လူစီးအမြန်ရေယာဉ် ၅၈၆ စီးသည် နေ့စဉ်၊ အပတ်စဉ် အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## မကွေးနည်းပညာတက္ကသိုလ် ဝန်ထမ်းအိမ်ရာအတွင်း ငွေနှင့်ပစ္စည်းများ အခိုးခံရမှုဖြစ်ပွား

**မကွေး စက်တင်ဘာ ၇**

မကွေးမြို့နယ် ကန်ပြားအနောက်ကျေးရွာအနီးရှိ နည်းပညာတက္ကသိုလ်ဝန်ထမ်းအိမ်ရာတွင် စက်တင်ဘာ ၄ ရက်က ငွေနှင့်ပစ္စည်းများအခိုးခံရမှုဖြစ်ပွားခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့နယ် ကံပြားအနောက်ကျေးရွာ နည်းပညာတက္ကသိုလ်ဝန်ထမ်း အိမ်ရာနေ ဒေါ်ဥမ္မာသိန်း အသက်(၄၂)နှစ် မကွေးနည်းပညာတက္ကသိုလ် စာရင်းကိုင် (၂) သည် စက်တင်ဘာ ၄ ရက် နံနက် ၆ နာရီက အိပ်ရာမှနိုးစဉ် နေအိမ်ဧည့်ခန်းစားပွဲပေါ်တွင် တင်ထားသော အသားရောင်ဘေးလွယ်ပိုက်ဆံအိတ်မှာ အိမ်နောက်ဖေးရေကန်ဘေးတွင် တွေ့ရှိခဲ့သောကြောင့် နေအိမ်အတွင်းရှိပစ္စည်းများ စစ်ဆေးကြည့်ခဲ့ရာတွင် နေအိမ်ဧည့်ခန်းခုတင်ပေါ်တွင်တင်ထားသော ဆင်းကတ်ပါ SAMSUNG TAB-3 အနက်ရောင်ဟန်းဆက်တစ်လုံး၊ ဆင်းကတ်ပါ SAMSUNG CORE အဖြူရောင်ဟန်းဆက်တစ်လုံး၊ ဆင်းကတ်ပါ NOKIA အနက်ရောင်ဟန်းဆက်တစ်လုံး၊ CITIZEN လက်ပတ်နာရီနှစ်လုံး၊ ဘေးလွယ်ပိုက်ဆံအိတ်အတွင်းမှ ငွေစက္ကူရောရာကျပ် ၃၀၉၅၀၀ စုစုပေါင်းကာလတန်ဖိုးကျပ် ၈၆၉၅၀၀ ခန့်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သောကြောင့် ယင်းပစ္စည်းများအား ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဒေါ်ဥမ္မာသိန်းက တိုင်ကြားခဲ့ကြောင်းသိရသည်။

ယင်းကြောင့် မကွေးမြို့နယ် မကွေးနယ်မြေရဲစခန်းက (ပ)၂၃၈/၂၀၁၅ ၊ပုဒ်မ-၃၈၀ ဖြင့်အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ရှမ်းပြည်နယ်လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ အပ်ချုပ်သင်တန်းဆင်း

**မိုးနဲ စက်တင်ဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို မိုးနဲမြို့သမဝါယမသင်တန်းခန်းမ၌ စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမျိုးသန့်တို့က သင်တန်းဆင်းအမှာစကား အသီးသီးပြောကြားခဲ့ကြသည်။ ဆက်လက်၍ သင်တန်းသူ ၂၅ ဦး၏ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြဆရာများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းဆင်းသင်တန်းသူများတွင် ကိုယ်ပိုင်အပ်ချုပ်စက်မရှိသောသူများအတွက် အရစ်ကျငွေပေးချေစနစ်ဖြင့် အပ်ချုပ်စက်များ ရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်က ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### ရေကြောင်းရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | -၉-၉-၂၀၁၅ရက် |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | -၁၅-၉-၂၀၁၅ရက် |
| ၄။ | ကုမ္ပဏီ၏ အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက် | -၁၆-၉-၂၀၁၅ရက်၊ ၁၆း၀၀နာရီ |
| ၅။ | တင်ဒါဖွင့်မည့်ရက်/အချိန် | -၁၈-၉-၂၀၁၅ရက်၊ ၁၀း၀၀နာရီ |

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ် -၀၆၇-၄၁၁၅၇၄၊ ၀၉-၅၀၈၅၅၉၇၊ ၀၉-၄၂၂၄၄၆၀၂၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
### သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

**အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၆/၂၀၁၅-၂၀၁၆)**

**အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | |
|---|---|
| (က)ကျင်းပမည့်နေ့ရက် | -၁၇-၉-၂၀၁၅ရက်(ကြာသပတေးနေ့) |
| (ခ)ကျင်းပမည့်အချိန် | -မွန်းလွဲ ၁၃း၀၀နာရီ |
| (ဂ)ရောင်းချမည့်သစ်အမျိုးအစားနှင့်တန် | -သစ်မာသစ်လုံး(၃၄၁၂)လုံး၊ (၅၁၆၇. ၉၅၆)တန် |
| (ဃ)ကျင်းပမည့်နေရာ | -မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ |

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၉၀၁၀၇၃၅ နှင့် ၀၉-၄၃၂၀၂၅၄၄ သို့စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

ဓမ္မအလင်း တရားအသံတော် ဖြန့်ချီရေး
(MP3 စက်၊ USB-Micro Stick) တရားအသံတော်များကို သက်သာသောနှုန်းဖြင့် ဆောင်ရွက်ပေးပါသည်၊ 01 - 200747-1315
09 - 73009841
ယဉ်ယဉ်မိသားစု - L7 - ယုဇနပလာဇာ၊ မြေညီ၊ ဝင်ပေါက် (22)

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား

ကမ္ဘာလှည့်ခရီးသည်များနှင့်ပြည်တွင်းခရီးသည်များအား သမိုင်းဝင်ဂုတ်ထိပ်တံတား ကြည့်ရှုလေ့လာနိုင်ရန် သံလမ်းပြေး ယာဉ်ဖြင့် နောင်ချို-နောင်ပိန်၊ နောင်ပိန်-နောင်ချို ခရီးစဉ်တွင် မြန်မာ့မီးရထားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ခြင်း

**(Expression of Interest)**

၁။ မြန်မာ့မီးရထားသည် ပြည်တွင်း၊ ပြည်ပခရီးသည်များ သမိုင်းဝင်ဂုတ်ထိပ်တံတားကို ကြည့်ရှုလေ့လာနိုင်ရန်အတွက် ခရီးသည် (၂၀)ဦးစီးနင်းနိုင်သည့် သံလမ်းပြေးယာဉ် Rail Gang Car (RGC) ဖြင့် ပို့ဆောင်ပေးမည့် ဝန်ဆောင်မှုအစီအစဉ်(နောင်ချို-နောင်ပိန်/နောင်ပိန်-နောင်ချို) ခရီးစဉ်ကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စား၍ လုပ်ကိုင်လိုသူများသို့ အဆိုပြုလွှာ တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ နောင်ချို-နောင်ပိန် ခရီးစဉ်နှင့် နောင်ပိန်-နောင်ချိုခရီးစဉ်တို့အား RGC ဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာကြည့်ရှုနိုင်ရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို (၃)နှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပြုလွှာ (Expression of Interest)များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီးသို့ ၆-၁၀-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့သွားရန်နှင့် နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အဆိုပြုလွှာအတွက် အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ်(၁၀၀၀၀ိ/-)ဖြင့် ၇-၉-၂၀၁၅ ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၃)တိုင်း-မန္တလေး၊ အမှတ်(၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော် ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၁၃၊ ၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၈၂ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

Virgin Land
* ပြည်တွင်း ပြည်ပ ... ခရီးစဉ်များ စီစဉ်ပေးခြင်း။
* ပြည်တွင်း ပြည်ပ ... Booking စီစဉ်ပေးခြင်း။
* ပြည်တွင်း ပြည်ပ လေယာဉ်လက်မှတ်များ စီစဉ်ပေးခြင်း။
Ph : 01-8610252, 09-5123793, 09-261027002

### စက်မှုဝန်ကြီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) အတွက်(က) (50)Ton Mobile Car Crane (၁)စီး ဝယ်ယူခြင်း၊ (ခ) သက်တမ်းလွန်ယာဉ်(၃၁၀၀၀)စီး၏ အစိတ်အပိုင်းများဖြုတ်သိမ်းခြင်းလုပ်ငန်းနှင့်(ဂ)သံရည်ပျက်တုံး(၁၅၇၂. ၀၂)တန် ဖြတ်တောက်ခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်-၁၄-၉-၂၀၁၅ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန်-၂-၁၀-၂၀၁၅ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

**ရုံးအမှတ်(၃၀)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၅၀၆၀**

### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V TRANS FUTURE-1 V.232 သင်္ဘောသည် ၁၀-၉-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ဆောင်းပါး

# လူသားမျိုးနွယ်တွေပါ

à ပေါက်ပေါက်

ကျွန်မက ညနေ ရုံးဆင်းတိုင်း ‘အဓိပတိ’ ဆိုတဲ့ ယာဉ်လိုင်းအမျိုးအစားကိုပဲ စီးဖြစ်နေပါတယ်။ သို့သော် အဲဒီဘတ်စ်ကားဟာ ကားလမ်းကြောက မတရားရှည်၊ ဒီကြားထဲ လမ်းတွေကပိတ်လို့ အိမ်ပြန်နောက်ကျပေမယ့် ကျွန်မတို့ရုံးရှေ့ကနေတက်ရင် ထိုင်ခုံနေရာရတာကြောင့် သူ့ကိုပဲ စီးဖြစ်သွားတာပါ။ ညနေ ၅ နာရီ လောက်ကတည်းက စီးလာခဲ့တဲ့ ကားက အိမ်ကို ည ၇ နာရီမှ ရောက်ပါတယ်။ တချို့နေ့တွေဆို ဒီထက်တောင် နောက်ကျတတ်ပါသေးတယ်။ ရန်ကုန်မြို့ပြနေ ပြည်သူပြည်သားတွေရဲ့ ရှောင်လွှဲမရ ယာဉ်လမ်းကြော ဒုက္ခပါပဲ။

ဒီလို ကြာကြာစီးရတာကြောင့် ကျွန်မက ကားပေါ်ရောက်ရင် ပြတင်းပေါက်ဘေးကခုံကို ရွေးထိုင်ပါတယ်။ ဘုရားစာဆို ကိုးလုံးပုတီးလေးကို စိပ်ရင်း၊ တစ်ခါတလေ အိပ်ငိုက်ရင်း၊ တစ်ခါတလေ အပြင်းပြေ အပြင်ဘက်ကို ငေးကြည့်ရင်း၊ တစ်ခါတစ်ရံ ဘတ်စ်ကားပေါ်ကဖွင့်ပေးထားတဲ့ သီချင်းကောင်းလေးတွေဆို နားထောင်ရင်းနဲ့ဆိုတော့ အဲဒီလို ပြတင်းပေါက်ဘေးကခုံက ကျွန်မအတွက် အဆင်ပြေတာပေါ့။ နောက်ပြီး လူသွားလမ်းနဲ့ ဝေးတာကြောင့်လည်း ခရီးသည်တွေ အတက်အဆင်းမှာ ကျွန်မကို အနှောင့်အယှက်မဖြစ်တော့ဘူးလေ။ ကိုယ်ဆင်းရမယ့် မှတ်တိုင်ရောက်မှ ထပြီး ဆင်းလာခဲ့ရုံပါပဲ။

ထုံးစံအတိုင်း ဒီနေ့ညနေမှာလည်း ကျွန်မ စိတ်ကြိုက်ခုံလေးကို ရွေးထိုင်ဖြစ်ခဲ့ပါတယ်။ မျက်စိမှိတ် ဘုရားစာဆိုရင်း စီးလာခဲ့တာ နာရီဝက်လောက်ကြာတော့ ကလေးအသံလေးကြားလို့ မျက်စိဖွင့်သတိထားကြည့်မိလိုက်ပါတယ်။ ၄ နှစ်အရွယ် သမီးငယ်နဲ့ သူ့မေမေတို့ ကားပေါ်တက်လာကြတာပါ။ အဆင်ပြေသလို ရတဲ့ခုံမှာထိုင်ရတော့ သူတို့ သားအမိနှစ်ယောက်က အတူတူမထိုင်ရပါဘူး။ သူ့သမီးလေးကို စိတ်ပူလို့ထင်တယ် အမေက သူ့မျက်စိရှေ့ကခုံမှာ ကလေးကိုထိုင်ခိုင်းပြီး၊ သူကတော့ နောက်ဘက်ကခုံမှာ ထိုင်ပါတယ်။ သူ့သမီးလေး အားငယ်မှာစိုးလို့ထင်ပါရဲ့ အမေက နောက်ကနေ ကလေးခေါင်းကိုကိုင်ထားပြီး “သမီးထိုင်ရတာ အဆင်ပြေလား။ ခြေထောက်ကို ရှေ့ကိုထား။ လက်ကို ရှေ့တန်းကိုကိုင်ထားနော် မီးရဲ့လား။ မကြောက်နဲ့။ မေမေ နောက်မှာရှိတယ်နော်။ အိပ်မငိုက်နဲ့” စသဖြင့် တတွတ်တွတ် လှမ်းပြောနေရှာပါတယ်။

ဒီမြင်ကွင်းကိုမြင်တော့ ကျွန်မ အိမ်က ချစ်တူလေးကို သွားသတိရမိပြီး အဲဒီကလေးမလေးကိုလည်း ကလေးချင်း ကိုယ်ချင်းစာမိပါတယ်။ ဒီသားအမိတွေ တူတူထိုင်သင့်တယ်။ ကလေးက အနားမှာရှိတော့ အမေလုပ်သူက စိတ်မပူရတော့သလို၊ ကလေးလည်း အမေနဲ့တူတူထိုင်ရတော့ နွေးထွေးလုံခြုံမှုရှိစေတာပေါ့။ ဒါကြောင့် ကျွန်မ သူတို့ဘေးမှာထိုင်နေတဲ့ သူတွေအချင်းချင်း ခုံနေရာလဲပေးကြမလားလို့ လှမ်းကြည့်နေလိုက်ပါတယ်။ သို့သော် မှတ်တိုင်တစ်ခုသာ ကြာသွားတယ် အဲဒီဘေးကလူတွေက နေရာချင်းမလဲပေးကြဘဲ သူတို့ဟန်းဖုန်းကိုသာ ကလိနေကြလေရဲ့။

အဲဒီလို အခြေအနေမျိုးကို မြင်ရရင် ဘယ်လိုမှ မခံစားနိုင်တဲ့၊ ဘယ်လိုမှ မျက်နှာမလွှဲတတ်တဲ့ ကျွန်မရဲ့ စိတ်နှလုံးသားက ကလေးအမေကို လှမ်းပြောလိုက်ပါတယ်။ နေရာချင်းလဲပေးရမလား သားအမိတွေ တူတူထိုင်ရတာပေါ့ဆိုတော့။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်နော်တဲ့။ ကလေးအမေက မဆိုင်းမတွ ခေါင်းတဆတ်ဆတ်ညိမ့်ပြ ပြုံးပြရင်း ပြောရှာပါတယ်။ ကလေးမလေးက ကျွန်မထိုင်ခဲ့တဲ့ ပြတင်းပေါက်နားကခုံကို ပြောင်းထိုင်ရလို့ အပျော်ကြီး ပျော်နေလေရဲ့။ နောက်ပြီး အဲဒီပြတင်းပေါက်ကနေ မြင်မြင်သမျှကို လက်ညှိုးထိုးပြီး မေးနေတဲ့ စပ်စုစိန်လေးကို သူ့မေမေက စိတ်ရှည်ရှည်နဲ့ ဖြေနေပါတယ်။

သူတို့သားအမိတော့ မသိဘူး ကျွန်မကတော့ ခုမှပဲ စိတ်ချမ်းသာသွားတော့တယ်။ သားအမိတွေ တူတူထိုင်ဖြစ်ကြလို့ ကျေနပ်ဝမ်းသာနေပါတယ်။ ခုံနေရာဖယ်ပေးခွင့်ရတဲ့ မိမိကိုယ်ကိုလည်း ပီတိဖြစ်မိတယ်။ တဖြည်းဖြည်း လမ်းမှာ ဘဝတူခရီးသည်တွေတက်လာကြတော့ အစွန်းဘက်ကခုံမှာ ထိုင်နေတဲ့ ကျွန်မကို လူတွေတိုးတိုက်မိတာကြောင့် ကိုယ်ကိုကျုံ့ပြီး ထိုင်လိုက်ရပါတယ်။ အဲဒီလိုထိုင်နေရင်းနဲ့ ကျွန်မက ဟိုကလေးမလေးကို နေရာလဲပေးလိုက်တာ မှန်သွားတယ်။ နို့မို့ဆိုရင် ကလေးကို လူတွေပိမိနေမှာလို့ စိတ်ထဲက ပြောမိပါတယ်။

ကျွန်မက မှတ်တိုင်ရောက်လို့ ဆင်းခါနီး သူတို့သားအမိကို တစ်ချက်လှမ်းကြည့်လိုက်တော့ အို့ . . ကလေးမလေးက သူ့မေမေပေါင်ကို ခေါင်းအုံးပြီး ခွေခွေလေး အိပ်မောကျနေလေရဲ့။ ကလေးအမေက ကျွန်မကိုမြင်တော့ ကျေးဇူးတင်ပါတယ်နော် ဆိုတဲ့သဘောနဲ့ ခေါင်းညိတ်ပြ မျက်လုံးနဲ့ ပြောနေပါတယ်။ ကျွန်မကလည်း ရပါတယ်ရှင် လို့ ခေါင်းညိတ်ပြ မျက်လုံးနဲ့ နှုတ်ဆက်လိုက်နေပါတယ်။ (ကျွန်မတို့နှစ်ယောက် မျက်လုံးချင်း စကားပြောတာကို ကျွန်မတို့နှစ်ဦးသာ သိကြပါတယ်။)

ကားဂိတ်ကနေ အိမ်သို့ လမ်းလျှောက်လာရင်း ကျွန်မကိုယ်ကျွန်မ ဆန်းစစ်လိုက်ပါတယ်။ အကယ်၍ ထိုသားအမိနေရာမှာ ကုလားလူမျိုးတွေဆိုရင်ရော ခုံနေရာချင်း လဲပေးမလား ပေါက်ပေါက်။ ဟုတ်ကဲ့ လဲပေးမှာပါပဲ။

အကယ်၍ တရုတ်လူမျိုးတွေ ဆိုရင်ရော ဟုတ်ကဲ့ လဲပေးမှာပါပဲ။

အကယ်၍ နိုင်ငံခြားသားတွေ ဆိုရင်ရော။ ဟုတ်ကဲ့ လဲပေးမှာပါပဲ။

အကယ်၍ သူဖုန်းစား(သူတောင်းစား)တွေဆိုရင်ရော။ ဟုတ်ကဲ့ လဲပေးမှာပါပဲ။

ကျွန်မကတော့ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဇာတ်နိမ့်ဇာတ်မြင့် လူတန်းစားမရွေး ထိုသားအမိနေရာမှာ ဘယ်သူပဲဖြစ်ပါစေ ခုံနေရာချင်းလဲပေးမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က လူတွေလေ၊ ကျွန်မ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို လူသားချင်းစာနာပြီး လုပ်ခဲ့တာပဲဖြစ်ပါတယ်ရှင်။

အခုလို သူတစ်ပါးတွေအဆင်ပြေအောင် ကျွန်မရဲ့ နေရာထိုင်ခင်းလေးကို မျှဝေခဲ့တဲ့ ကုသိုလ်စိတ်အတွက် အိမ်အပြန်လမ်းမှာ ပီတိဖြစ်မိပါတယ်။ ဤဆောင်းပါးလေးကို ဖတ်ရှုနေကြသော စာဖတ်ချစ်မိတ်ဆွေများကိုလည်း ဝေငှကုသိုလ် မျှဝေပါတယ်ရှင်။

**အဲဒီဘေးကလူတွေက နေရာချင်းမလဲပေးကြဘဲ သူတို့ဟန်းဖုန်း. . .**



ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း ရိုးမဘဏ်ရှေ့တွင် နေ့စဉ်လိုလို ပုံတွင်မြင်တွေ့ရသည့်အတိုင်း ယာဉ်နှစ်ထပ်ရပ်ထားသည်ကို တွေ့မြင်ရပါသည်။ အဆိုပါနေရာသည် ဆင်မင်းဈေး ဘတ်စ်ကားမှတ်တိုင် ရွှေ့ထားသည့်နေရာနှင့် အလွန်နီးကပ်လျက်ရှိပြီး ခရီးသည်တင်ယာဉ်များသည် လမ်းလယ်မှ လူတင်ချပြုလုပ်နေရပါသဖြင့် လူအန္တရာယ်၊ ယာဉ်အန္တရာယ်စိုးရိမ်ရသောကြောင့် အဆိုပါ နှစ်ထပ်ရပ်ထားသောယာဉ်များအား သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးသင့်ကြောင်း ခရီးသွားလုပ်သားပြည်သူများက အကြံပြုပြောသည်။

တင်မောင်ဦး(အလုံ)

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေးဆောင်ရွက်

**မုံရွာ စက်တင်ဘာ ၇**

မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါသည် ကလေးငယ်များအတွက် အန္တရာယ်ဖြစ်စေမည့် ရောဂါတစ်မျိုးဖြစ်ရာ မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဆောင်ရန်၊ ရှောင်ရန်များ အသိပညာပေးခြင်းကို ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မုံရွာမြို့နယ် တောပုကျေးရွာအုပ်စု တောပုကျေးရွာ၌ ဩဂုတ်လအတွင်းက မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာနေပြည်သူများပူးပေါင်း၍ ခြင်များ ပေါက်ပွားနိုင်သည့် နေရာများ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
Alpha Power Engineering Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသက်စံ၏(၈-၉-၂၀၁၅)ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစု၊ ချစ်သောကုမ္ပဏီဝန်ထမ်းများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝကို အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။
Alpha Power Engineering Co.,Ltd. မှ ဝန်ထမ်းများ

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
APPROVED LEARNING PARTNER ACCA Gold
ACCA (UK) Part - I (F2,F3)
For September Intake 2015
Enrol Now
အမှတ်(၁၈)၊(၃အေ-၆ဘီ)၊သပြေညို(၂)တိုက်၊ဦးထွန်းလင်းခြံလမ်း၊လှည်းတန်း၊ကမာရွတ်မြို့နယ်၊
၀၁ -၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆၊ ၀၉ ၇၃၁၀၈၄၀၉၊ ၀၉ ၅၁၇၀၁၀၅

B.L.T Travels
အဘဘထွက်ပွဲ ပုပ္ပါးသီးသန့် 35000
အဘဘထွက်ပွဲ ပုပ္ပါး၊ ပုဂံ 45000
ကျိုက်ထီးရိုး၊ ချောင်းသာ | သောကြာ | 8000 / 12000 | ၁၈-၉-၁၅မှ စ၍နေ့စဉ်
09-796262652, 09-73163538

ရေဘေးသင့်
ပြန်လည်ထူထောင်ရေး
ကျွန်ကာရစ်/ရွံ့အုတ်စက်
ဝယ်/လျှော့ရန် (20%OFF)
09 73199410,09 420035882

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၁၄/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-044(15-16) | Well Servicing Equipment (15) Items | US$ |
| (၂) | IFB-045(15-16) | Well Control Accessories (9) Items | US$ |
| (၃) | IFB-046(15-16) | Spares for Mack Oil Field Truck (17) Items | US$ |
| (၄) | IFB-047(15-16) | Spares for Well Servicing Truck (1) Item | US$ |
| (၅) | IFB-048(15-16) | Spares for 50 Ton Hitachi Sumitomo Hydraulic Crawler Crane (10) Items | US$ |
| (၆) | IFB-049(15-16) | Ariel Compressor JGK-4 and Cooper MH64 with Waukesha P-9390 GL Spares (11) Items | US$ |
| (၇) | IFB-050(15-16) | AJAX DPC 600 Spares (25) Items | US$ |
| (၈) | IFB-051(15-16) | NKK Compressor KJB2 & KB2 with Waukesha L7G042GU & H 2475 Engine Spares (10)Items | US$ |
| (၉) | IFB-052(15-16) | Cementing Head and Accessories (11)Items | US$ |
| (၁၀) | DMP/L-007(15-16) | SAE 15 W 40 Diesel Engine Oil (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၉-၉-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

# ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် မြစိမ်းရောင်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မလိခကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်ရှိ မင်္ဂလာနေရာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်တီဝင်များ၊ ဌာနမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်အား ရပ်မိရပ်ဖ ဦးစိုးမြင့်၊ လူငယ်ကိုယ်စားပြု မောင်ဝေယံနှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းထူးချွန်ကျောင်းသူ မအေးအေးသင်းတို့က ဖွင့်လှစ်ပေးကြပြီး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

ယင်းနေ့က ဖွင့်လှစ်သည့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်အဝင်လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေရှိသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝင်ငွေများတိုးပွားရရှိစေရေးအတွက် မြစိမ်းရောင်ရန်ပုံငွေ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင် အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ရန်ပုံငွေများကို ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းထွန်းက ကျေးရွာအတွင်း ရန်ပုံငွေ ထုတ်ချေးပေးမည့် အခြေအနေများကို ရှင်းလင်းပြီး ကျေးရွာပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။

ယနေ့အခမ်းအနားတွင် အောင်ချမ်းသာကျေးရွာမှ အသင်းသား ၂၁၅ ဦးတို့အတွက် မြစိမ်းရောင်ချေးငွေ ကျပ်သိန်း ၃၀၀ နှင့် ယခင်ချေးငွေမှအတိုးရငွေ ငွေကျပ် ၅၅ ဒသမ ၂၂ သိန်းတို့ကို လွှဲပြောင်းထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# ၁၇ နှစ်အောက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**လွိုင်လင် စက်တင်ဘာ ၇**

လွိုင်လင်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အသက် ၁၇ နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် လွိုင်လင်မြို့နယ်အသင်းနှင့် ပင်လုံမြို့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပင်လုံမြို့အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက်ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဆုရရှိသည့် အသင်းအား ကညနခရိုင်ဦးစီးမှူးကလည်းကောင်း၊ ပထမဆုရရှိသည့် ပင်လုံအသင်းအား မြို့နယ်ရဲမှူးကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များ ချီးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ နေရာအလိုက် အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းဆု၊ အကောင်းဆုံး ရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆုများကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ကြက်ခြေနီ ဂုဏ်ပြုဆုကို ခရိုင် အားကစားမှူးက ပေးအပ်ခဲ့သည်။ ယင်းနောက် တတိယဆုရရှိသည့် ကွမ်ဟိန်းမြို့နယ်အသင်းအား ငွေသားဆု ကျပ်ငါးသိန်း၊ ဒုတိယဆုရရှိသည့် လွိုင်လင်မြို့နယ်အသင်းအား ငွေသားဆု ကျပ်ခုနစ်သိန်းနှင့် ပထမဆုရှိသည့် ပင်လုံမြို့ အသင်းအား ငွေသားဆု ကျပ် ၁၀ သိန်းနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်းသိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# မြစိမ်းရောင် ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီများဖွဲ့စည်း

**ကျိုင်းတုံ စက်တင်ဘာ ၇**

ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်းနှင့် မိုင်းပျဉ်းမြို့နယ်တို့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးရွာ ၄၇ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အရင်းမပျောက်မတည်ရန်ပုံငွေ စုစုပေါင်း ကျပ်သိန်း ၁၄၁၀၀ ဖြင့် ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၈ ရွာ၊ မိုင်းခတ်မြို့နယ်အတွင်းရှိ ကျေးရွာ တစ်ရွာ၊ မိုင်းယန်းမြို့နယ်အတွင်းရှိ ကျေးရွာ တစ်ရွာနှင့် မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၇ ရွာတို့၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဦးစီးမှူးများနှင့် မြို့နယ်မြစိမ်းရောင် ကော်မတီဝင်များ ပူးပေါင်း၍ ကျေးရွာ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်ရေးကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို ကျေးရွာနေ ပြည်သူများ၏ သဘောထားဆန္ဒမဲဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ (၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးအောင်က မောင်စလျှမ်းထက်နိုင်အား ဆေးပညာဘွဲ့လက်မှတ် အပ်နှင်းစဉ်။

(ကြေးမုံ)

ရွှေပင့်ကူ
အဘအောင်မင်းခေါင်ထွက်ပွဲ
ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်ဘုရား၊
ရွှေမုဓောဘုရား ဥညအိပ် ၄ရက်ခရီးစဉ်
စားစရိတ်တည်းခိုခပြီး 50000/-
3.9.2015 မှ 15.9.2015 ထိ
5 ယောက် 1 ယောက် Free Sep 28 ထွက်မည်။
09 73130346 09 423720047

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

သိုးရာသီ ဓမ္မဒါန
(၆၃)ကြိမ် ဘိုးမင်းခေါင်ထွက်ပွဲ၊ ညအိပ် ၃ရက်
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်-၄ဆူ
တစ်ဦးထမင်းကျွေး-၄၀၀၀၀/-Sep - 29
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ တောင်ကြီး၊ အင်းလေး၊
Sep - 29 ထန်စမ်းဂူ၊ ကက္ကူဘုရား
ကားအမျိုးမျိုးစီးလုံးငှားသည်။
420144148, 421153797

ကား မျိုးစုံ
(Alphard/Crown/MarkII/အနိတတုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

ရွှေအိုးကြီး Aircon Express
အိမ်အရောက်လက်မှတ်ပို့ ကားမျိုးစုံစီးလုံးငှားသည်
မြဝတီ၊ ထိုင်းနိုင်ငံမဲဆောက်၊ ဘားအံ
ကျိုက်ထီးရိုး၊ ရေတံခွန် (၃)ရက်ခရီး Sep(11)ထွက်
ပတ်စ်ပို့ ကား စား တည်း စရိတ်ငြိမ်း (ရရဝ၀ဝ/)
အဘထွက်ပွဲ ပုဂံ-ပုပ္ပါး ပခုက္ကူ (၄)ရက်ခရီး
Sep (29)ထွက်၊ ထမင်းကျွေး (၄၀၀၀၀/)
09 421073634, 09 420281267

ဂီတမှူးမောင်လှအေးစီစဉ်တင်ဆက်သော "လက်စွမ်းပြမြန်မာဂီတတီးလုံးများ"
[CLASSICAL MUSIC OF MYANMAR (Vol. 1 - 6)]



သင့်ရဲ့အိမ်မှာဖြစ်စေ၊ သင့်ရဲ့ဆိုင်မှာဖြစ်စေ၊ ဟိုတယ်မှာဖြစ်စေ၊ ကားမောင်းနေရင်းဖြစ်စေ၊
နိုင်ငံခြားသားများကို ဂုဏ်ယူဝင့်ကြွားစွာ လက်ဆောင်ပေးလို၍ဖြစ်စေ သာယာငြိမ့်ညောင်းပြီး
ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကြည်နူးဖွယ်မြန်မာ့ဂီတတီးလုံးများကို
နားဆင်လိုသူများအတွက်... Audio CD များ ထွက်နေပါပြီ။
ဝယ်ယူရရှိနိုင်သောနေရာများ
Tab Book (တော်ဝင်စင်တာ)၊ ဂမုန်းပွင့်ကုန်တိုက်(မြေနီကုန်း)၊ စိန်ဂေဟာ(လှည်းတန်း)၊
Victoria ကုန်တိုက် (Excell Tower)၊ Super One (ကျိုက္ကဆံ/ရွှေဘုံသာ)၊
Feel စားသောက်ဆိုင်(၁၁၅) မိုင်၊ မန်းသီရိတေးသံသွင်း၊ Bagan House Souvenir Shop
ဖြန့်ချိရေး – Golden Land Music Production Ph: - 01 295 568, 01 297 918

Since 1986
KMD Education Services
Opening Date
12 Sept 2015 (Sat-Sun) 7Am - 3 Pm
14 Sept 2015 (Mon-Fri) 8:00 am - 11:30 am



နိုင်ငံတကာအသိအမှတ်ပြု IT Professional တစ်ယောက်ဖြစ်လိုလျှင်
ကမ္ဘာ့အဆင့်ထူးချွန်ကျောင်းသား / သူများ နှစ်စဉ်မွေးထုတ်ပေးနေတဲ့ KMD မှ ကြိုဆိုလျက်ပါ။
• International Diploma ပထမနှစ်၊ Diploma in IT, GTC အောင်မြင်ပြီးသူများ ဒုတိယနှစ်ကို တက်ရောက်နိုင်ပါသည်။
Diploma in Computing (ဒုတိယနှစ်) ➡ B.Sc(Hons)BIT
☎ 01-381035, 391286, 391287, 502233, 534170, 527436, 541328, 546600, 660887, 384268, 524400. Hot Line: 700895, 220555

# ဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ၂၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁ရက်**တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ပေ၊ ၃လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၇-၉-၂၀၁၅ရက်**မှ စတင်၍ **၂၁-၁၁-၂၀၁၅ရက်**ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ။** နံနက် ၉နာရီမှ ၁၁နာရီထိ

(ခ) **သင်္ချာ။** မွန်းလွဲ ၁နာရီမှ ၃နာရီထိ

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၅ရက်**မှ **၂၈-၁၂-၂၀၁၅ရက်**များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်ကျပ်-**၁၄၀၀၀၀/-**၊ ဒုတိယနှစ်ကျပ်-**၁၄၅၀၀၀/-**၊ တတိယနှစ်ကျပ်-**၁၅၀၀၀၀/-**ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့် စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်း ခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I (Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်း တိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်။




# CREATE MORE HAPPINESS TO YOUR WHOLE FAMILY IS TO GO ALONG WITH BMW.

Prestige Automobiles ( BMW မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ် ) မှတင်သွင်းရောင်းချသော နည်းပညာနှင့်လုံခြုံမှုအတွက် အစဉ်အမြဲ ဆန်းသစ်တီထွင်မှု ဦးဆောင်နေသည့် နောက်ဆုံးပေါ် BMW မော်တော်ကားသစ်များကို စက်တင်ဘာလ (၁)ရက်မှ စက်တင်ဘာလ (၃၀) ရက်အတွင်း ဝယ်ယူပါက ကားအမျိုးအစားအလိုက် **3,000 USD** မှ **5,000 USD** နှင့် ညီမျှသောတန်ဖိုးကို ခံစားခွင့်ရရှိမည့် အပြင်ကားတန်ဖိုးအား ၁၂၀၀ ကျပ် / USD ဖြင့် ပေးချေနိုင်ပြီး၊ Service Warranty (၃) နှစ် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

BMW မော်တော်ကားများအား စမ်းသပ်မောင်းနှင်ရန်အတွက် Prestige Automobiles သို့ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။
Phone : 01- 230 6133, Service Hotline : 01- 230 6144

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.

Join BMW Myanmar
www.facebook.com/BMWPAC

POLO CLUB (ASIA) RESIDENCE












* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ဗလမ်းသွားလမ်းမကြီး၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

HOTLINES : 09-795889588 | 09-796889688 | 09-797889788

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.

# Yum Yum Xcite မိသားစု မှကျေးဇူးတင်လွှာ

(၁.၉.၂၀၁၅) နေ့ နံနက် (၁၀း၀၀)နာရီအချိန်တွင် ရန်ကုန်မြို့ Sedona Hotel, Grand Ballroom တွင် ကျင်းပပြုလုပ်ခဲ့သော ရသာမုန့် Yum Yum ခေါက်ဆွဲ၏ အတာသင်္ကြန်နှစ်ကူး အထူးကံစမ်းမဲ အစီအစဉ်မှ လက်ကျန်ဆုမဲများကို တစ်ခုမကျန် စားသုံးသူများလက်ဝယ်သို့ အရောက်ပေးပို့ ကံစမ်းပေးသော အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြပါသော သတင်းနှင့် စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ Yum Yum ခေါက်ဆွဲ၏ စီးပွားဘက်အရောင်းကိုယ်စားလှယ်တော်ကြီးများ၊ နိုင်ငံကျော် အနုပညာရှင်များ၊ Yum Yum အမှတ်တံဆိပ်ကို အစဉ်အမြဲ ဝယ်ယူအားပေး စားသုံးခဲ့ပြီး ကံစမ်းမဲ အစီအစဉ်တွင် ပါဝင်ဆင်နွှဲခဲ့ပါသော မိဘပြည်သူများအားလုံးနှင့် Samsung Note 3 Neo အလုံး (၂၀) အား မဲနှိုက်ကံစမ်းပေးခဲ့ သော ယခင် Samsung Note 3 Neo ကံထူးရှင် ကျိုက်လတ်မြို့မှ ဦးယဉ်ထွေး၊ iPhone 6 (၉)လုံးအား မဲနှိုက်ကံစမ်းပေးခဲ့ပါသော ယခင် iPhone 6 ကံထူးရှင် သံဖြူဇရပ်မြို့မှ ဦးကျော်ဦး၏ ဇနီး ဒေါ်ထားကြည်၊ Honda Wave-S မော်တော်ဆိုင်ကယ် (၃)စီးအား မဲနှိုက်ကံစမ်း ပေးခဲ့သော ယခင် Honda Wave-S ကံထူးရှင် နေပြည်တော်မှ ကိုအောင်ကျော်လင်း၊ ငွေသား သိန်း (၃၀)ဆု ၊ သိန်း (၅၀)ဆုနှင့် သိန်း (၁၀၀) ဆုတို့ကို မဲနှိုက်ကံစမ်းပေးခဲ့ပါသော Idea မဂ္ဂဇင်းမှ အယ်ဒီတာချုပ် ဆရာမောင်မျိုး (ကြောင်နှစ်ကောင်)၊ BMW 316i ကားအသစ်ကြီးအတွက် ကံထူးရှင်ကို မဲနှိုက် ရွေးချယ်ပေးခဲ့သော နိုင်ငံကျော် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် တေးသံရှင် ပိုင်းစုခိုင်သိန်း၊ BMW 2 Active Tourer ကားသစ်ကြီးအတွက် ကံထူးရှင် ကိုမဲနှိုက်ရွေးချယ်ပေးခဲ့ သောနိုင်ငံကျော် တေးသံရှင် Rဇာနည် နှင့် တကွပွဲစမှအဆုံးတိုင် အခမ်းအနားမှူးအဖြစ် စီစဉ်ဆောင်ရွက်ပေးခဲ့သော မောင်မောင်အေး (Dream Boat) တို့အား Yum Yum ခေါက်ဆွဲမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။



BMW Brand New 2 Active Tourer ကံထူးရှင်
ဒေါ်သန်းအေး
(စမ်းချောင်း)
မှ
Yum Yum Xcite
မိသားစု
သို့
ကျေးဇူးတင်စကား

"လောလောဆယ် အမေက ကျွန်တော့်ကို ကားအရမ်း ဝယ်ပေးချင်နေတာ ကားဝယ်ဖို့ ပိုက်ဆံမပြည့် သေးတော့ ပြည့် တဲ့အခါကျမှ ဝယ်ပေးမယ်ပေါ့။ ဒါနဲ့ပဲ သင်္ကြန်အတွင်း အမေ နဲ့ညီမ ဇုဒ္ဓဂယာကို ဘုရားဖူး သွားတော့ စားရေးသောက်ရေး အဆင်ပြေအောင် Yum Yum ခေါက်ဆွဲကို City Mart ကနေ သွားဝယ်လိုက်တာ။ ပထမတော့ Series နာမည်မပါသေးတော့ မပေါက်သေးဘူးပေါ့။ နောက်မှ Yum Yum ကနေကူပွန်တစ်ခု လိုတဲ့သူတွေကို လဲကျန်ရှိဆုမဲ တွေကိုမဲပေါက်ပေး မယ်ဆိုလို့ ကျွန်တော့်ကို ကားအရမ်းဝယ် ပေးချင်နေတဲ့ အမေ့နာမည်တပ် ပြီး ကျွန်တော် ကိုယ်တိုင် ရန်ကုန် စာတိုက်ကြီး ကနေ ပို့လိုက် တာ။ ကိုမောင်မောင်အေး ဖုန်းဆက်ဆက်ချင်းတုန်းက မယုံဘူး။ ဒါပေမယ့် Sedona ကို အခုလာပါ ဆိုတော့ Taxi ငှားပြီးထွက် လာခဲ့တာ။ ခုလို BMW ကားအသစ် (၁) စီး ပေါက်တယ် ဆိုတော့ အတိုင်းမသိဝမ်းသာပါတယ် Yum Yum ခေါက်ဆွဲကိုလဲ အများ ကြီး ကျေးဇူးတင်ပါတယ်။"

BMW 316i ကံထူးရှင်
ဦးမောင်မောင်မြင့်
(တာမွေ)
မှ
Yum Yum Xcite
မိသားစု
သို့
ကျေးဇူးတင်စကား



"ကျွန်တော်ကတော့ တာမွေမှာ ခေါက်ဆွဲပြုတ်ဆိုင်လေးနဲ့ အသက်မွေးတဲ့ မောင်မောင်မြင့် ပဲဖြစ်ပါသည်။ ဘဝတစ်လျှောက်လုံး ပျော်စရာအချိန်ဆိုတာ နည်းပါးခဲ့ပါတယ်။ မှတ်မှတ်ရရ ကျွန်တော့်ဘဝမှာ ပျော်စရာအချိန်(၃)ကြိမ်ရ ရှိခဲ့ပါတယ်။ ပထမတစ်ကြိမ်က နာမကျန်းဖြစ်နေတဲ့မိဘကို ပြုစုစောင့်ရှောက် ခွင့်ရတဲ့အချိန်၊ ဒုတိယအကြိမ်က ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ သတ္တဝါ အားလုံးအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့် ရခဲ့တဲ့အချိန်၊ အခု တတိယအ ကြိမ်ကတော့ Yum Yum ခေါက်ဆွဲမှ BMW ကားသစ်တစ်စီး ကံစမ်းမဲပေါက် တဲ့အချိန်ပဲဖြစ်ပါတယ်။ ခုလိုမဲပေါက်ပေးတဲ့ Yum Yum ခေါက်ဆွဲကို ကျေးဇူးတင်ပါတယ်။"

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းကျော်
**အသက်(၆၈)နှစ်**
**တွဲဖက်အတွင်းရေးမှူး၊**
**ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်**

တွံတေးမြို့နေ ဒေါ်ခင်မြ(ကျောင်းဆရာမ-ငြိမ်း)၏ခင်ပွန်း၊ ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝင်းကျော် အသက်(၆၈)နှစ်သည် ၃၁-၈-၂၀၁၅(တနင်္လာနေ့) နံနက် ၇ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးရဲထွဋ်(ငြိမ်း) OTS(49)
**ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ကြံသီးနှံလုပ်ငန်းဌာန**
**အသက်(၆၆)နှစ်**

ကြံသီးနှံလုပ်ငန်းဌာန၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)ဦးရဲထွဋ် အသက်(၆၆)နှစ်သည် ၂-၉-၂၀၁၅ ရက် နံနက် ၇း၃၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အထူးကျေးဇူးတင်ရှိခြင်း
## မိုးကုတ်ယောဂီဒေါ်စုစု (၆၉)နှစ်
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန**

၂၆-၈-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် အထူးကုဆေးရုံကြီး(ခုတင် ၅၀၀) ရန်ကုန်မြို့၌ ကွယ်လွန်သွားသော (ဒေါ်စုစု) မကျန်းမာစဉ် မေတ္တာ၊ စေတနာ၊ ကရုဏာအပြည့်ဖြင့် ပြုစုကုသပေးခဲ့ကြသည့် အထူးကုဆေးရုံကြီး(ခုတင် ၅၀၀) ရန်ကုန်မြို့၊ အထူးကုဆေးရုံကြီး (ခုတင် ၁၀၀၀)နေပြည်တော်၊ ကောင်းသစ်အထူးကုဆေးရုံ နေပြည်တော်တို့မှ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်များ၊ ဆေးရုံဝန်ထမ်းများနှင့် စေတနာဖြင့် လာရောက်မေးမြန်း အားပေးစကားပြောကြားခဲ့သော မိတ်ဆွေများ၊ ဆေးရုံတက်ရောက်စဉ်မှ ကွယ်လွန်ပြီးသည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော မှုခင်းရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်မိသားစုဝင်များ၊ ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၇/၈၆)မှ သူငယ်ချင်းများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ကွယ်လွန်သူ ဒေါ်စုစု၏ အကြီးအကဲများနှင့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေသူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တူ၊ တူမ၊ မြေးများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ချစ်လှစွာသော ခင်ပွန်း ဒုရဲမှူးနိုင်ထွန်းဝင်း**
**မှုခင်းရဲတပ်ဖွဲ့၊ နေပြည်တော်**

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါ်ကြည်ကြည်
**၈-၉-၂၀၁၃ မှ ၈-၉-၂၀၁၅**

ချစ်သူငယ်ချင်း မကြည်လေးမမျှော်လင့်ဘဲခွဲခွာသွားတာ ၈-၉-၂၀၁၅ရက်မှာ (၂)နှစ်တင်းတင်းပြည့်ခဲ့ပြီနော်---ဒီနေ့အထိ ဝမ်းနည်းကြေကွဲသတိရလျက်ရှိနေဆဲပါ သူငယ်ချင်း မကြည်လေး ငြိမ်းချမ်းတဲ့ဘုံဘဝမှာ လွတ်လပ်အေးချမ်းစွာ အနားယူနိုင်ပါစေနော်--

**အန်တီမနော်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးရဲထွဋ်(ငြိမ်း)
**ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြံသီးနှံလုပ်ငန်းဌာန**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့နေ ဒေါ်သင်းသင်းအုန်း(ခ)ဒေါ်အေမီ၏ခင်ပွန်းသည် ၂-၉-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။

**Delicious Food Co.,Ltd. နှင့်**
**စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**အမှတ်(၆)သကြားစက်(ရေတာရှည်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝါကြူ
**အသက်(၈၇)နှစ်**
**Daily City, USA**

Dr.ဇော်လင်း (David)-ဒေါ်ခင်မေထွေး(မငယ်)တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးဝါကြူသည် ၁-၉-၂၀၁၅(အင်္ဂါနေ့) နံနက် ၆း၂၆ နာရီတွင် Daily City, USA ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးခိုင်စိုးသာနှင့်ဇနီး၊ ဦးစိုးကြင်နှင့်ဇနီး၊ ဦးသောင်းစိန်နှင့်ဇနီး၊**
**Dr.လှဇော်နှင့်ဇနီး၊ Dr.အေးလွင်နှင့်ဇနီး၊ Capt. ပုညနှင့်ဇနီး၊**
**Capt. လှလှဝင်းနှင့်ဇနီး၊ ဦးလဝင်းနှင့်ဇနီး၊ ဦးသန်းဝေနှင့်ဇနီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နှင်းယဉ်
**အရဟံရောင်းဝယ်ရေး၊ ပြည်**
**အသက်(၈၆)နှစ်**

သူငယ်ချင်း ဒေါက်တာမိုးဦးဇော်-ဒေါက်တာခိုင်ခိုင်ဦး(Houston City, Taxas, USA)တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်နှင်းယဉ် အသက်(၈၆)နှစ်သည် ၁-၉-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄-၁၉၉၀ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ထွေးတင်
**အသက်(၇၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မုံညင်းကျေးရွာတွင်နေထိုင်သော ဦးစိန်လင်း(ဦးစီးအရာရှိ)(ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏မိခင် ဒေါ်ထွေးတင် အသက်(၇၄)နှစ်သည် ၃-၉-၂၀၁၅ ရက် မွန်းလွဲ ၁ နာရီ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနန္ဒာသဖမဟာထေရ်
**ဂဏိမ်း၊ ဒေးစွန်ပါ၊ ကွင်းကြီးကျောင်းတိုက်ဆရာတော်**
**သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဂဏိမ်းကျေးရွာ (ဂဏိမ်းကြီး၊ ဒေးစွန်ပါ၊ ကွင်းကြီး)ကျောင်းတိုက်တို့၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တနန္ဒာသဖမဟာထေရ်သည်(၁၃၇၇ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ရက်) (ဗုဒ္ဓဟူးနေ့)ညနေ ၅း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဂဏိမ်းကျောင်းတိုက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှဦး-တိုင်းပညာရေးမှူး(ငြိမ်း)
**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)နာယက**
**ရာသက်ပန်အသင်းဝင်၊ သက်ကြီးကန်တော့ခံ**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာ၊ လမ်းသွယ်(၃)၊ အိမ်အမှတ် (၂)နေ ဒေါ်ကြင်စိန်၏ခင်ပွန်း ဦးလှဦး(တိုင်းပညာရေးမှူး၊ ငြိမ်း)သည် ၃-၉-၂၀၁၅ (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသိန်းအောင် (၈၃)နှစ်
**ကျန်းမာရေးအင်စပက်တော်(ငြိမ်း)ရွှေသရဖူဆေးဆိုင်**
**ကျုံမငေးမြတ်စွယ်တော်၊ ဂေါပကဥက္ကဋ္ဌ**

၃-၉-၂၀၁၅(ကြာသပတေးနေ့) နံနက် ၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဂေါပကအဖွဲ့၊ ကျုံမငေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခွန်မြတ်(ခ)ဦးဘသန်းဆွေ
**အသက်(၆၄)နှစ်**

ကိုနေစိုးကျော်(ခ)ကိုဖိုးလုံး၏ ဖခင်ကြီး ဦးခွန်မြတ် အသက်(၆၄)နှစ်သည် ၂၈-၈-၂၀၁၅ (သောကြာနေ့)တွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ နှမြောဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေဝင်းမောင်**
**စိမ်းလိုက်ကျောက်မျက်ကုမ္ပဏီလီမိတက် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဦးခွန်မြတ်(ခ)ဦးဘသန်းဆွေ (မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ တောင်ကြီး)သည် ၂၈-၈-၂၀၁၅ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်မောင်ထွန်း(ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)-**
**ဒေါ်ဥမ္မာသန်း(ထက်လင်းဆေးတိုက်)၊ နဂါးမာန်ကလပ်**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ (ဗိုလ်မှူးသိန်းဟံ-ငြိမ်း)၏ဇနီး၊ နေပြည်တော်ကောင်စီ၊ ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ဒေါ်မိုးသီတာတို့၏မိခင်ကြီး ဒေါ်မူမူဟန် အသက်(၈၉)နှစ်သည် ၃-၉-၂၀၁၅ ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးထွန်းလှအောင်(အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန)၊**
**ဒေါ်တင်တင်အေးနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ငွေ
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေပုလ္လလမ်း၊ (၂)လမ်း၊ အမှတ်(၅၂)နေ ဒေါ်မိမိခိုင်(ကထိက၊ သတ္တဗေဒဌာန၊ ပင်လုံတက္ကသိုလ်)၏ဖခင် ဦးတင်ငွေသည် ၂-၉-၂၀၁၅ ရက်၊ နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သတ္တဗေဒမိသားစု(ပင်လုံတက္ကသိုလ်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ကြည်(ညောင်လေးပင်)
**အသက်(၈၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာနေ (ဦးချစ်)၏ဇနီး၊ ဦးဝင်းလှိုင်(ဒုတိယအင်ဂျင်နီယာချုပ်၊ အလုံဓာတ်အားပေးစက်ရုံမှူး)-ဒေါ်အေးအေးခိုင်တို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်တင်ကြည်သည် ၃-၉-၂၀၁၅ ရက်(ကြာသပတေးနေ့) နံနက်၁း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုစက်ရုံမှူးနှင့်ဝန်ထမ်းများ**
**အလုံဓာတ်အားပေးစက်ရုံ**

## (၅)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်းနှင့် မေတ္တာပို့သအလှူဒါနပြုပေးခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ခင်ခင်ကြီး
**အသက်(၈၅)နှစ်**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဝန်ထမ်းကောင်းဆု၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်မြို့။**
**(၈-၉-၂၀၁၀ - ၈-၉-၂၀၁၅)**

ဇနီး/ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်ကြီးသည် AUSTRALLA နိုင်ငံ SYDNEY မြို့တွင် ကွယ်လွန်ခဲ့သည်မှာ ၈-၉-၂၀၁၅ရက်တွင် (၅)နှစ်ပြည့်မြောက်ပြီးဖြစ်သော်လည်း မိသားစုမှ မိခင်ကြီးကို ရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်လှူဒါန်းခဲ့သော ဒါန၊ သီလ၊ ဘာဝနာနှင့် ဝိပဿနာကုသိုလ်အစုစုကိုစဉ်ဆက်မပြတ် လှူဒါန်းအမျှပေးဝေလျက်ရှိပါသည်။

မေမေရရှိခံစားနိုင်ပါစေ။

၃၀-၈-၂၀၁၅ရက်တွင် ပြင်ဦးလွင်မြို့၊ ဖားအောက်တောရ၊ တပ်ဦးဓမ္မရိပ်သာရှိ ဖားအောက်ဆရာတော်ကြီးနှင့် အောင်မြေဇေယျာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏတို့အား သင်္ကန်း၊ ဆွမ်းနှင့်နဝကမ္မများ ကပ်လှူခြင်း၊ မုံရွာမြို့နယ်၊ မုံရွေးရှိ ဆွေမျိုးအကြီးအကဲ ရွှေတိုက်ဝန်မင်း တည်ထားကိုးကွယ်သည့် ရွှေကျောင်းကြီး ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဦးသူရိယနှင့်ရတနာမာရ်အောင် ကျောင်းတိုက်ဆရာတော် ဦးညာဏဇောတဘာသတို့အား နဝကမ္မဝတ္ထုငွေများ ကပ်လှူခြင်း၊ ၇-၉-၂၀၁၅ရက်နေ့တွင် ကျင်းပသည့် ရွှေတိုက်ဝန်မင်းတည်ထားကိုးကွယ်သည့် စည်းခုံကြီးဘုရား ပွဲတော်အတွက်လည်း လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ ၈-၉-၂၀၁၅ရက်တွင် တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် တိပိဋကဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသနှင့် သံဃာတော်များအား အရက်ဆွမ်းကပ်လှူခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တစ်ကုန်းတော်လုံး ညလုံးပေါက် လျှပ်စစ်မီးပူဇော်ခြင်း၊ ရန်ကုန်မြို့ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့တွင် ထာဝရဘက်စုံ ငွေပဒေသာပင်များလှူဒါန်းခြင်း ကုသိုလ်ကောင်းမှုအစုစုကို ပြုလုပ်လျက် ရေစက်သွန်းချ အမျှပေးဝေပါသည်။

ဇနီး/မိခင်ကြီး အသက်ရှိထင်ရှားရှိစဉ်ကတည်းက လှူဒါန်းထားခဲ့တဲ့ သာသနာကောင်းကျိုးနှင့် တပည့်သားမြေးများအပေါ် တတ်စွမ်းသရွေ့ စောင့်ရှောက်ခဲ့သော ပရဟိတကုသိုလ်အားလုံးနှင့် ယခုလှူဒါန်းခဲ့သည့် ကောင်းမှုကုသိုလ် အစုစုတို့ကို မိခင်ကြီး၏ မိဘများဖြစ်ကြသည့် ဘဘဘိုးရုံ(မြို့အုပ်/ကျောင်းအုပ်ကြီး)၊ မေမေကြီး ဒေါ်သိန်းစံ၊ ဘဘဘိုးရုံ၏ညီနောင်များဖြစ်ကြသည့် ဦးဘကျား(ကထိက-ရန်ကုန်တက္ကသိုလ်)၊ ဦးဆင်(လွှတ်တော်အမတ်-ညောင်ဦး)၊ ဦးဂျီ(ဧရာဝတီရုံး)၊ ဦးတက်ထွန်း(Landon, B.A Honours)၊ ဦးတက်ခေါင်(ယစ်မျိုးဝန်ထောက်)၊ စည်သူဦးစိုးတင့်(ICS-စစ်ကိုင်းတိုင်းမင်းကြီး)၊ အိုးဝေဦးညိုမြ (MA-Chicago-USA)တို့အားလည်း အမျှပေးဝေပါသည်။ မြင့်မြတ်အေးချမ်းသော ဘုံဘဝ မှကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး၊ ဝမ်းမြောက်ရွှင်လန်းစွာဖြင့် သာဓုအနုမောဒနာ ခေါ်ဆို၍ အဆင့်ဆင့်မြင့်သည့် ဘုံဘဝသို့ တက်လှမ်းနိုင်ပါစေကြောင်း ဆုဆောင်း မေတ္တာပို့သအမျှဝေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**
**SYDNEY မြို့နေ ခင်ပွန်း ဦးစိန်မောင်နှင့်သားသမီးများ**
**ကိုဝင်းမောင်မောင်၊ ကိုစောမင်းမောင်၊ ကိုရန်မျိုးအောင်၊ ကိုမြတ်သူရစိန်မောင်၊ မခင်ချမ်းမြစိန်နှင့်**
**ဒေါ်ခင်သန်းသန်းအေး(နေပြည်တော်)၊ ဦးခင်မောင်ဌေး-ဒေါ်ခင်မြမြစိန်(ခေတ္တ-SYDNEY)**

**ဝန်ထမ်းအမြန်အလိုရှိသည်**
- Photoshop,Design ကျွမ်းကျင် (ကျား/မ) ၄ဦး
- His & Hers

5B၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း(၁၂လုံးတန်း မီးပွိုင့်အနီး)
**ဖုန်း-၀၉-၇၉၅၅၈၃၃၅၄**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀) ဦးပိုင်အမှတ်(၃၅၃/၁၀၃၅) ရန်မန်းလမ်းအနောက်ဘက်ရှိ ရွာမြေအား ဂရန်သစ်လျှောက်ထားခြင်းကို အမှုတွဲအမှတ်-၀၀၅၄/၂၀၁၂-၂၀၁၃ဖြင့် ဆောင်ရွက်နေစဉ် ဖခင်ဖြစ်သူ ဦးဘသော်မှာ ကွယ်လွန်ခဲ့ပါသည်။ မိခင်ဒေါ်မမကြီးနှင့်သမီး ဒေါ်မိုးမိုးတင့်တို့လည်း ကွယ်လွန်သွားသဖြင့် ကျန်ရစ်သော ပူးတွဲလျှောက်ထားသူ သမီးဒေါ်ခင်သော်ဦး [၉/အမရ(နိုင်)၀၃၂၄၀၂]မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ၎င်းတစ်ဦးတည်းအမည်ဖြင့် အမှုတွဲ ဆက်လက်ဆောင်ရွက်ခွင့်/ဂရန်သစ်လျှောက်ထားခြင်းအား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

Hot Line No-0930500100

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၇-၉-၂၀၁၅

| | | | |
|---|---|---|---|
| ဖော်လမြိုင် | ၄ ဒသမ ၃၈ လက်မ | ကလေး | ၃ ဒသမ ၆၆ လက်မ |
| ပူတာအို | ၄ ဒသမ ၁၄ လက်မ | မော်လိုက် | ၃ ဒသမ ၁၁ လက်မ |
| ချောင်းဆုံ | ၃ ဒသမ ၇၉ လက်မ | ပေါင် | ၂ ဒသမ ၇၆ လက်မ |
| ခန္တီး | ၃ ဒသမ ၆၆ လက်မ | တမူး | ၂ ဒသမ ၂၈ လက်မ |

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော်　　စက်တင်ဘာ　　၇**

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ(မ. တ. ဖ. ပ)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၈ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံ ရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

ယနေ့

## မာတိကာ

ထိုင်းနိုင်ငံပုံးဖောက်ခွဲမှု သံသယရှိသူတစ်ဦးက ထုတ်ဖော်ဝန်ခံ

စာမျက်နှာ - ၄

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ - ၅

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ဒေသစာရီ ကြွချီ ပူဇော်ခံမည်

စာမျက်နှာ - ၁၁



## သဘာဝဘေးအန္တရာယ်ကြောင့် ချင်းပြည်နယ်အတွင်း ပြိုကျပျက်စီးမှုနှင့် ပြောင်းရွှေ့ရန်လိုအပ်သည့် အိမ်ခြေပေါင်း နှစ်ထောင့်ကိုးရာကျော်ရှိ

ဟားခါး　　စက်တင်ဘာ　　၇

**ပြီးခဲ့သည့်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုနှင့်အတူ ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်ကြောင့် ချင်းပြည်နယ်အတွင်း ပြိုကျပျက်စီးခဲ့သော နေအိမ်များနှင့် ဆက်လက်နေထိုင်ရန်မသင့်၍ ပြောင်းရွှေ့ရန်လိုအပ်သောနေအိမ်များအပါအဝင် စုစုပေါင်း အိမ်ခြေနှစ်ထောင့်ကိုးရာကျော်ရှိပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သန်းပေါင်း သုံးထောင်နီးပါးခန့်ရှိကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ သတင်းရရှိသည်။**

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❖

## ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ်ထပ်မံမြင့်တက် ရေဘေးကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

**မုံရွာ　စက်တင်ဘာ　၇**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဩဂုတ်လကုန်ပိုင်းက နေရာကွက်ပြီး မိုးကြီးခဲ့ရာ ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် ပြန်လည်မြင့်တက်လာပြီး မုံရွာမြို့၌ စက်တင်ဘာ ၇ ရက် နံနက် ၁၁ နာရီတွင် မြို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၀၀၀ အထက်ကျော်လွန်ပြီး ၁၀၇၂ စင်တီမီတာသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေ ပထမအကြိမ် မြင့်တက်စဉ် ဩဂုတ် ၂ ရက်က မုံရွာမြို့နယ် ချင်းတွင်းတာတောင်ပိုင်း၊ တောင်ပုံ ငါးပေါက်တွဲ ရေတံခါးအနီးတာပေါင်နေရာမှ စတင်ထူးပေါက်ကာ အရှည်ပေ ၁၅၀ ခန့် ကျိုးပေါက်ခဲ့ပြီး ထနောင်းတောတာမှ ကာကွယ်ထားသည့် မုံရွာမြို့နယ် ကျေးရွာငါးရွာ၏အနိမ့်ပိုင်းများနှင့် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများ ရေဘေးသင့်မှုဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် ထပ်မံမြင့်တက်လာမှုကြောင့် ယခင်ကျိုးပေါက်ခဲ့သည့် တောင်ပုံ ငါးပေါက်တွဲအနီးမှ ယာယီရေတားတမံ ထပ်မံမကျိုးပေါက်စေရေး မုံရွာမြို့ အမှတ်(၂၈) ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးဝဏ္ဏဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက မြေသားများသယ်ဖို့ခြင်း၊ သဲအိတ်များ ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## ရေဘေးရန်ပုံငွေ ဘောလုံးပွဲမှ ငွေကျပ် သိန်း ၁၅၀၀ ကျော်ရရှိ

**ရန်ကုန်　　စက်တင်ဘာ　　၇**

မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင် အသင်းတို့၏ ရန်ပုံငွေခြေစမ်းပွဲကို ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ တစ်ဂိုးစီသရေကျသည်။

**ရုပ်ရှင်+လက်ရွေးစင်ဟောင်းအသင်းမှ ပြေတီဦး၏ ထိုးဖောက်မှုကို ဂီတ+လက်ရွေးစင်ဟောင်းဂိုးသမား ယဉ်မင်းအောင် ကာကွယ်နေစဉ်။**

ပွဲမစတင်မီ မြန်မာ့လက်ရွေးစင်ဟောင်းများနှင့် အနုပညာရှင်များပါဝင်သည့် ခြေစမ်းပွဲကို ညနေ ၃ နာရီခွဲတွင် ကျင်းပသည်။ ရုပ်ရှင်+လက်ရွေးစင်ဟောင်းအသင်းတွင် မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်သည့် အောင်ကျော်ကျော်(ဂိုး)၊ ကျော်မင်း၊ ဟန်ထွန်း၊ အောင်ကျော်ထွန်း၊ အေးနိုင်၊ မောင်မောင်ငွေး၊ ဝင်းအောင်၊ အောင်ထွန်းထွန်း၊ အနုပညာရှင်များဖြစ်သည့် လူမင်း၊ ပိုင်ဇေရဲထွန်း၊ ဖိုးချစ်၊

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❋**




themirror.npt@gmail.com
www.facebook.com/themirrordaily

SANCHAUNG GARDEN
RESIDENCE

# အတိုးမယူ ၆နှစ် ငွေချေစနစ်

စမ်းချောင်းမြို့နယ် မြေ(၂)ကောပေါ်တွင်တည်ဆောက်ထား

## ငွေမကျေမီအခန်းအပ်မည်

ပထမဦးဆုံး(၅၀)ခန်း၏ ဝယ်ခွန်ကို DEVELOPER မှတာဝန်ယူပေးမည်


မှတ်ပုံတင်သန်းခေါင်စာရင်းမိတ္တူယူလာရမည် အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာ ရောင်းချမည်




စင်ကာပူတွင်အကောင်းဆုံး **MARINA BAY SANDS** ဟိုတယ်ကို ဒီဇိုင်းရေးဆွဲခဲ့သည့် ဗြိတိသျှကုမ္ပဏီ **Aedas** ၏ဒီဇိုင်းဖြင့်တည်ဆောက်မည့်

# Sanchaung Garden Residence Condominium

## ၂၀၁၅ – စက်တင်ဘာ (၁၀)ရက်မှ (၁၃)ရက်နေ့ထိ




**SEP 10 to 13**

**တပ်မတော်ခန်းမ နှင့် (၁၀၄) စမ်းချောင်းလမ်း တို့တွင်ရောင်းချပေးမည်**

**သိန်း (၃၀) ယူလာမှ အခန်းရဖို့သေချာမယ်**

၁၀၄၊ စမ်းချောင်းလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

